ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါး တည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 5 December 2018 ၉၄၉၁

# ယခု နှီးနှောဖလှယ်ပွဲမှ နိုင်ငံရဲ့အနာဂတ်အတွက် ထိရောက်စွာ အကျိုးဆောင်နိုင်မယ့် အခြေခံပညာကဏ္ဍ ပညာရေးစနစ် ပေါ်ပေါက်ခိုင်မာလာစေနိုင်မယ်လို့ မျှော်လင့်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပညာရေးဝန်ကြီးဌာနက ကျင်းပသည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ ( အခြေခံပညာကဏ္ဍ)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

နှီးနှောဖလှယ်ပွဲသို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

## ယနေ့ မာတိကာ

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ
စာမျက်နှာ » ၅

ဆက်သွယ်မှုကွန်ရက် လွှမ်းခြုံနိုင်မှုမရှိသေးသည့် နေရာဒေသများသို့ အဆင့်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ဆက်သွယ်မှုရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်
စာမျက်နှာ » ၇

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး
စာမျက်နှာ » ၉

မန္တလေးတွင် နည်းပညာသစ်ဖြင့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း အောင်မြင်
စာမျက်နှာ » ၁၇



## ကြေးမုံ

# အားနည်းသူကို ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး

အားနည်းသူကို ဖေးမကူညီသည်မှာ မွန်မြတ်သော လူမှုကရုဏာတရားထားရှိသည့်အလုပ်ဖြစ်၍ အားမနည်းသူတို့က ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အားနည်းသူဆိုသည်မှာ ကလေးသူငယ်၊ အမျိုးသမီးနှင့် သက်ကြီးရွယ်အိုများဖြစ်ကြပြီး မမာမကျန်းသူများ၊ ဘေးဒုက္ခရောက်နေသူများနှင့် ဆင်းရဲနွမ်းပါးသူများလည်း ပါဝင်ပါသည်။

လူဟူသောသတ္တဝါသည် မကောင်းမှုတွင် ပျော်မွေ့တတ်သည်ဖြစ်၍ အနိုင်ကျင့်ဗိုလ်ကျစိုးမိုးမှု ပြုလုပ်ရသည်ကို ကျေနပ်နှစ်သက်ကြသည်။ ဤကမ္ဘာလောကကြီးတွင် မည်သည့်သတ္တဝါမဆို အားကြီးသူက အားနည်းသူတို့ကို အနိုင်ကျင့်ဗိုလ်ကျသည့် အလေ့အထရှိကြသည်။ ဗိုလ်ကျစိုးမိုးမှုများ လွှမ်းခြုံနေသောကမ္ဘာကြီးတွင် မေတ္တာ၊ ကရုဏာ စသည့် လောကပါလတရားများ ခေါင်းပါးလာသည်။ အင်အားကြီးသူက အင်အားနည်းသူကို ဖေးမကူညီရမည့်အစား ပစ်ပယ်နှိမ့်ချမှု၊ ဖိနှိပ်ချုပ်ချယ်မှု၊ အနိုင်ကျင့်နှိပ်စက်မှုများ ပြုလုပ်လာကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာစာရင်းများအရ လူသုံးဦးတွင် တစ်ဦးမှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေကြရပြီး ထိုအကြမ်းဖက်ခံနေရသူများတွင် ၃၅ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် ကလေးသူငယ်များဖြစ်သည်ဟု သိရသည်။ လူသားများသည် ဆင်ခြင်တတ်သည့် အသိဉာဏ်ရှိသူများဖြစ်သည်။ ဘာသာတရား၏ အဆုံးအမများလည်း အစဉ်အဆက်ရှိကြသူများဖြစ်သည်။ သို့သော် တိရစ္ဆာန်ကဲ့သို့ပင် အားကြီးသူက အားနည်းသူအပေါ် အနိုင်ကျင့်နှိပ်စက်ခြင်းသည် လူသားမဆန်သော လုပ်ရပ်များပင်ဖြစ်သည်။

အနိုင်ကျင့်နှိပ်စက်ခံရသူများတွင် အမျိုးသမီးနှင့် ကလေးများမှာ ပိုမိုအဖြစ်များလာသည်ကိုတွေ့ရသည်။ ၂၀၁၆ ခုနှစ် ကျန်းမာရေးစစ်တမ်းကောက်ယူမှုစာရင်းအရ မြန်မာနိုင်ငံတွင် အမျိုးသမီးနှင့် ကလေးခုနစ်ဦးတွင် တစ်ဦးအကြမ်းဖက်ခံနေရကြောင်း သိရသည်။ ထိုဖြစ်စဉ်တွင် မြန်မာနိုင်ငံအတွင်း၌ မီးဖွားပြီးစမိခင်တစ်သိန်းတွင် ၂၈၂ ဦး သေဆုံးနေပြီး အဆိုပါသေဆုံးသူများတွင် ကိုယ်ဝန်ဆောင်နေစဉ် အကြမ်းဖက်ခံရသောကြောင့် ကိုယ်ဝန်ပျက်ကျခြင်း၊ သေဆုံးခြင်းများဖြစ်ရသည်ဟု စိတ်မချမ်းမြေ့ဖွယ် ကြားသိရသည်။ ထို့ပြင်သာမက ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလကုန်အထိ မြန်မာနိုင်ငံအတွင်း သက်ငယ်မုဒိမ်းမှု ၈၃၈ မှုဖြစ်ပွားခဲ့ရာ လူမဆန်သောလုပ်ရပ်များကို ဝိုင်းဝန်းတားဆီးပေးကြရမည်ဖြစ်သည်။

ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများပူးပေါင်း၍ ၂၀၁၈ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ၁၆ ရက်တာလှုပ်ရှားမှုကို နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ "အကြမ်းဖက်မှုပပျောက်ရေး အမျိုးသမီးများအသံနားထောင်ပေး" ဟူသောဆောင်ပုဒ်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ အမျိုးသမီးနှင့် ကလေးသူငယ်များ အကြမ်းဖက်ခံရမှုများမှာ အမှန်တကယ်ဖြစ်ပြီး နယ်ပယ်ဒေသအသီးသီးသို့ ဖြန့်ကြက်ကြည့်မည်ဆိုလျှင် ယခုစာရင်းထက်ပင် ပိုမိုပေါ်ထွက်လာနိုင်သည်။ ထို့ကြောင့် ထိုအရေးကို ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အမျိုးသမီးများနှင့်ကလေးသူငယ်များမှာ အားနည်းသူများဖြစ်ကြပြီး အနိုင်ကျင့်အကြမ်းဖက်မှု ကျူးလွန်ခြင်းကို အများဆုံးခံစားကြရသောလူအုပ်စုဖြစ်နေ၍ ကနဦးအရေးပါသော လူ့အသိုင်းအဝိုင်းအတွင်းမှ လူသားဆန်သောလူသားများ၊ လူသားချင်းစာနာထောက်ထားသူများက ဝိုင်းဝန်းအသိပေး ကြိုတင်ကာကွယ် တားဆီးပေးသင့်ပေသည်။ လူမှုဘဝနယ်ပယ်အတွင်း အနိုင်ကျင့်နှိပ်စက်မှုများကို ရှာဖွေဖော်ထုတ်သတင်းပေးခြင်းဖြင့် လူလူချင်း မေတ္တာထားမှုကို ပြသကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသော အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် အနိုင်ကျင့် အကြမ်းဖက်မှုများမှ ကြိုတင်ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ကူညီဆောင်ရွက်ပေးရေးလုပ်ငန်းများကို ဒေသအလိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အပင်ဇီဝနည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်း အလုပ်ရုံဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အဖွင့်အမှာစကားပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၄**

အပင်ဇီဝနည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော် Grand Amara Hotel ၌ ပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အမှာစကား ပြောကြားသည်။

**ဆွေးနွေးဖော်ထုတ်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေကြသည့် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍစသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူနေမှုအဆင့်အတန်းနှင့် ဝင်ငွေတိုးတက်မြင့်မားစေရေးအတွက် သမားရိုးကျစိုက်ပျိုးရာမှ အဆင့်မြင့်သိပ္ပံနည်းကျစိုက်ပျိုးနည်းပညာများ ကျင့်သုံးဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များဖြင့် စားသုံးသူများ၏ အာဟာရပြည့်ဝရေးနှင့် ဘေးကင်းကျန်းမာပြီး စီးပွားရေးတွက်ခြေကိုက်သော နိုင်ငံတကာစံချိန်စံညွှန်းပြည့်မီ ထုတ်ကုန်များဖြစ်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများတွင် နည်းပညာဖွံ့ဖြိုးလာမှုအရ ဇီဇပြုပြင်စိုက်ပျိုးရေးထွက်ကုန်များ၊ မွေးမြူရေး ထွက်ကုန်များ တိုးချဲ့ထုတ်လုပ်လာလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း နည်းပညာသစ်များ၊ ထုတ်ကုန်သစ်များအား သုတေသနပြုဖော်ထုတ်ရန် လိုအပ်လျက်ရှိကြောင်း၊ တင်သွင်းလာနိုင်ခြေရှိသည့် ဇီဇပြုပြင်ထုတ်ကုန်များအား စိစစ်ထိန်းကျောင်းကြပ်မတ်နိုင်ရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်များနှင့် လိုက်လျောညီထွေမှုရှိသည့် ဇီဝလုံခြုံမှုဆိုင်ရာမူဝါဒ Biosafety Policies ထုတ်ပြန်နိုင်ရေး၊ မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် ဇီဝလုံခြုံမှုဆိုင်ရာမူဘောင်နှင့် ဥပဒေ Biosafety Framework and Law ပြုစုဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေနိုင်မည့် ရလဒ်ကောင်းများ ဆွေးနွေးဖော်ထုတ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် USDA မှ Ms. Rachel Nelson က တက်ရောက်လာသော နိုင်ငံတကာမှ သုတေသနပညာရှင်များနှင့် မိတ်ဆက်ပေးပြီး ISAAA မှ Dr. Rhodora R Aldemita (OIC-Director) က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် အဆင့်ဆင့်ဆွေးနွေးသွားမည့် အစီအစဉ်များကို တင်ပြသည်။

ထို့နောက် Dr. Carl Ramage က "ဇီဝနည်းပညာအသုံးပြုသီးနှံများကို အဘယ်ကြောင့် စည်းမျဉ်းစည်းကမ်းဖြင့် ကြီးကြပ်စစ်ဆေးရသနည်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dr. Rhodora R Aldemita က "ဇီဝသီးနှံများ၏ ကမ္ဘာ့အခြေအနေနှင့် အလားအလာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာအေးမင်းက "မြန်မာနိုင်ငံတွင် လက်ရှိနှင့် အနာဂတ် ဇီဝနည်းပညာအသုံးပြုမှု ရည်ရွယ်ချက်နှင့် အခြေအနေ အကျဉ်းချုပ်" ကိုလည်းကောင်း၊ Dr. Saturnina C. Halos က "နှစ်ပေါင်းများစွာအတွင်း မျိုးရိုးဗီဇကဏ္ဍတိုးတက်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Bhagirath Choudhary က "ဇီဝနည်းပညာ၏ အကျိုးကျေးဇူးများ" ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

**ရည်ရွယ်ဆောင်ရွက်**

အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးအခြေစိုက်သည့် United States Department of Agriculture(USDA) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ Biosafety Framework and Law (ဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်နှင့် ဥပဒေများ) ပြုစုဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် သီးနှံများ၏ ဇီဝနည်းပညာဆိုင်ရာ သုံးသပ်ခြင်း၊ အစားအစာများ ထုတ်လုပ်မှုတွင် အရေးပါသည့် သိပ္ပံနည်းစနစ်များ၊ ဇီဝသီးနှံများအား စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းကာကွယ်ရေး စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ် ၂/၂၀၁၈ သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး တရားလွှတ်တော်သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် ခေတ္တတရားသူကြီးချုပ် ဦးလှအေးတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ရုံးလုပ်ငန်းကိစ္စများ၊ တရားခွင်တာဝန်များကို ဆောင်ရွက်ရာတွင် တရားရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်ရေး၊ ရှေ့နေ ရှေ့ရပ်များ အမှုသည်များနှင့် တာဝန်အရ ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ရေး၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းပြီး စိတ်ဓာတ်အခြေခံမှစ၍ ပြုပြင်ပြောင်းလဲကာ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၄**

ရန်ကုန်(ရွှေဈေး) ၁၀၁၁၀၀၀ - ၁၀၁၁၀၀၀ မန္တလေး(ရွှေဈေး) ၁၀၁၁၀၀၀ - ၁၀၁၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၉၅/၁၀၁၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၉၀/၉၂၅ ကျပ် | ၉၆၀/၉၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ် | ၈၉၀/၉၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၁၀/၁၀၂၅ ကျပ် | ၁၀၂၅/၁၀၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၄၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၁၅/၇၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၇၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၈၃. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၈. ၁၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇. ၈၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၆. ၈၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂. ၂၈၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၄. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁. ၁၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၅၃. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၄၈. ၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇန်န၀ါရီလ ၁၆ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) တွင် အမှာစကားပြောကြားစဉ်။**

**✪ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ဆရာ ဆရာမများ၊ တပ်မတော်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမ အသင်းအဖွဲ့၊ ကျောင်းသားအသင်းအဖွဲ့နှင့် မိတ်ဖက်စာကြည့်တိုက်များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရည်အသွေးရှိသော ပညာရေး**

နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှုဆိုတာဟာ လူသားရင်းမြစ် (Human Resource)နဲ့ ဘယ်လောက်ထိ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်နိုင်စွမ်းရှိသလဲအပေါ်မှာ မူတည်ပါတယ်။ လူသားရင်းမြစ်တွေ တန်ဖိုးတက်လာဖို့ "အရည်အသွေးရှိသော ပညာရေး"ကို ခိုင်မာအောင် ကျွန်မတို့ တည်ဆောက်ကြရမှာဖြစ်ပြီး ဒီလိုအရည်အသွေးရှိတဲ့ပညာရေးကို တည်ဆောက်နိုင်ဖို့ များစွာရင်းနှီးမြှုပ်နှံဖို့ လိုပါတယ်။ ၂၀၁၅ အမျိုးသားပညာရေးဥပဒေမှာ "နိုင်ငံတော်၏ပညာရေးအသုံးစရိတ်ကို နိုင်ငံတော် အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည်"လို့ အတိအလင်းဖော်ပြထားသလို နိုင်ငံတော်အနေနဲ့ နှစ်စဉ် ပညာရေးအသုံးစရိတ်တွေ ပိုမိုတိုးမြှင့်သုံးစွဲနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့ ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံလျက်ရှိသလို "ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ" ကလည်း ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံ ကူညီဆောင်ရွက်ပေးနေပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းသားများ၊ မိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းများတွင် စီမံခန့်ခွဲသူများ၊ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုအင်အားတွေ အလွန်အရေးပါကြောင်း အထူးပြောနေဖို့ မလိုဘူးထင်ပါတယ်။

လူ့ဘောင်လောကမှာ ရပ်တည်ရှင်သန်နိုင်ဖို့ "အချက်အလက်များကို မှတ်မိရုံသာမက တွေးတတ်၊ ခေါ်တတ်၊ စိစစ်တတ်ပြီး ပြဿနာများကို ဖြေရှင်းတတ်ဖို့" အလွန်အရေးကြီးပါတယ်။ ကျောင်းသား ကျောင်းသူတွေကို အလွတ်ကျက်မှတ်တဲ့ အလေ့အကျင့်နဲ့ သင်ယူစေတဲ့ အခြေအနေကနေ ကျိုးကြောင်းဆက်စပ်တွေးခေါ်သင်ယူတတ်တဲ့ ကလေးတွေဖြစ်အောင် လေ့ကျင့်ပေးဖို့ အရေးကြီးပါတယ်။ ဒီလို လေ့ကျင့်သင်ကြားရာမှာ ကျောင်းသား ကျောင်းသူတွေကို သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများသာမက ပြင်ပအကြောင်းအရာတွေကိုပါ ဆက်စပ်လေ့လာတတ်ဖို့အတွက် ယေဘုယျအားဖြင့် အချက်အလက် စုဆောင်းတတ်ခြင်း၊ စိစစ်ခြင်း၊ ပြဿနာများ အဖြေရှာခြင်း၊ ဆွေးနွေးခြင်း စတဲ့အချက်တွေနဲ့ ဆောင်ရွက်နိုင်အောင် အခြေခံပညာကျောင်းတွေမှာစပြီးတော့ အစုအဖွဲ့နဲ့ လေ့လာပူးပေါင်းဆောင်ရွက်တတ်စေမယ့် သင်ကြားသင်ယူမှု နည်းလမ်းများကို အသုံးပြုရပါတယ်။

**စာရိတ္တမဏ္ဍိုင်ခိုင်မာအောင်**

လူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေကို "ပြဿနာတွေကို မကြောက်တတ်ဖို့ လေ့ကျင့်ပေးဖို့လိုပါတယ်။ လုပ်ငန်းရှိရင် ပြဿနာရှိမယ်၊ ပြဿနာဆိုတာ ကြောက်စရာမဟုတ်ဘူး၊ ဖြေရှင်းနိုင်တဲ့ အကောင်းဆုံးနည်းလမ်းကို ရှာဖွေတတ်ဖို့ကသာ အရေးကြီးတယ်ဆိုတာကို" ငယ်စဉ်ကတည်းက သင်ထားပေးရပါမယ်။

အခုဆိုရင် ကျွန်မတို့အစိုးရက ပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး နိုင်ငံ့သိက္ခာကို ထိခိုက်နေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားဖို့ ဆောင်ရွက်နေတယ်ဆိုတာ အများသိဖြစ်ပါလိမ့်မယ်။ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်နိုင်ဖို့ ကလေးဘဝကစပြီး လေ့ကျင့်ပျိုးထောင်ပေးဖို့လိုပါတယ်။ နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာနှင့် တိုးတက်မှုအတွက် အဂတိလိုက်စားမှု ကင်းစင်ခြင်းရဲ့တန်ဖိုးကို နားလည်စေဖို့ အခြေခံပညာကျောင်းတွေမှာ သင်ကြားဖို့အရေးကြီးပါတယ်။ အသက်အရွယ်နဲ့ ကိုက်ညီတဲ့ ဝေါဟာရတွေ၊ စကားလုံးတွေကိုသုံးပြီး အဂတိလိုက်စားမှုရဲ့ ဆိုးကျိုးများနဲ့ မိမိပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်ပုံများ၊ ရိုးသားတဲ့ အမူအကျင့်များ၊ ကိုယ်ကျိုးနဲ့ အများအကျိုးရဲ့ဆက်စပ်နေမှုနဲ့ ကိုယ်ကျင့်တရား ကောင်းမွန်မှုများကို ဖျော်ဖြေရေးပုံစံနဲ့ ပညာပေးတဲ့ အစီအစဉ်တွေ အကောင်အထည်ဖော်ဖို့ လုပ်ဆောင်လျက်ရှိပါတယ်။ ဒီအစီအစဉ်တွေဟာ ကလေးများအတွက် သာမက နိုင်ငံအတွက် အလွန်ကောင်းမွန်နိုင်မှာပါ။

ကလေးတွေ အတွေးအခေါ်မြင့်မားဖို့ လေ့ကျင့်ပျိုးထောင်ရာမှာ ဆရာ ဆရာမများကိုယ်တိုင် စာပေဖတ်ရှုလေ့လာသကဲ့သို့ တပည့်တွေ စာပေဝါသနာပါပြီး ဗဟုသုတ ရှာဖွေရယူလိုတဲ့ အလေ့အကျင့်ကောင်းတွေရရှိစေဖို့ ပြုစုပျိုးထောင်ပေးကြရပါမယ်။ စာကြည့်တိုက်များကို အသုံးပြုပြီး အသိပညာ၊ အတတ်ပညာများ မိမိကိုယ်တိုင် သင်ယူတတ်အောင် အလေ့အကျင့်ကောင်းတွေ ဖြစ်ထွန်းအောင် လေ့ကျင့်ပေးကြစေလိုပါတယ်။

စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စာပေစွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်း၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခြင်း၊ သတင်းစာ၊ ဂျာနယ်၊ စာစောင်များမှ ဖြတ်၊ ညှပ်၊ ကပ်ပြုလုပ်ကာ နံရံကပ်စာစောင်များ အပြိုင်အဆိုင် လုပ်ဆောင်စေခြင်းတို့ဖြင့် တပည့်ကလေးငယ်များ စာပေဝါသနာပါလာအောင် ပြုစုပျိုးထောင်ပေးနိုင်ပါတယ်။

ဗဟုသုတ အသိပညာနဲ့ ပြည့်ဝတဲ့ နိုင်ငံတော်ရဲ့ သားကောင်းသမီးမွန်များ ဖြစ်လာရုံနဲ့ မလုံလောက်ပါဘူး။ လူငယ်များ စည်းကမ်းနားလည်စောင့်ထိန်းဖို့လည်း အရေးကြီးပါတယ်။ "စည်းကမ်းသည် လူ၏တန်ဖိုး" ဆိုတဲ့အတိုင်း နိုင်ငံသားတွေရဲ့ စည်းကမ်းရှိမှုဟာ အဲဒီနိုင်ငံကို တိုးတက်စေသလို ဂုဏ်လည်း တက်စေပါတယ်။ ဒါကြောင့် "အမျိုးသားစည်းကမ်းကို စာသင်ကျောင်းက စစေချင်ပါတယ်"။ လူ့ဘောင်အသိုင်းအဝိုင်းရဲ့ တားမြစ်ချက်တွေ၊ လိုက်နာရမယ့် ဥပဒေတွေကို ဒီ "စည်းကမ်း" ကပဲ ထိန်းချုပ်ထားတာ ဖြစ်ပါတယ်။ တကယ်တော့ စည်းကမ်းဆိုတာ နေရာတိုင်းမှာ လိုက်နာဖို့လိုပါတယ်။ လိုက်နာတတ်အောင်လည်း လေ့ကျင့်ပျိုးထောင်ပေးရပါမယ်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုမှာ ပြည်သူ့နီတိဘာသာရပ်ကို နာမည်အမျိုးမျိုးပေးပြီး သင်ကြားနေကြတာ တွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း စာရိတ္တနဲ့ ပြည်သူ့နီတိကို ထိရောက်အောင် သင်ကြားပေးခြင်းဖြင့် အလေ့အကျင့်ကောင်းများရအောင် လေ့ကျင့်ပေးရပါမယ်။ အချိန်ကိုလေးစားလိုက်နာခြင်းဆိုတဲ့ စည်းကမ်းက အထူးတန်ဖိုးရှိပါတယ်။ ကျွန်မတို့ရဲ့ ကလေးတွေကို အချိန်ကိုလေးစားတဲ့ ယဉ်ကျေးမှုတစ်ခုတော့ ထူထောင်ပေးဖို့ လိုအပ်ပါတယ်။ "အချိန်ကိုလေးစားခြင်း"သည် မိမိဌာနနဲ့ မိမိပတ်ဝန်းကျင်ကို လေးစားခြင်း ဖြစ်တယ်ဆိုတာကို လူသားတိုင်း သိရှိရမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများကိုပါ သိရှိအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ကျွန်မတို့ ပြည်သူ ပြည်သားတွေဟာ အချိန်ကို လေးစားတဲ့ အလေ့အကျင့်ဟာ တကယ်တော့ အားနည်းနေပါတယ်။ တစ်ချိန်တည်းမှာ ကျောင်းတွေကနေ လေ့ကျင့်ပေးမယ်ဆို ရိုးရိုးလေးပါ။ စည်းကမ်းထိန်းသိမ်းခြင်းဟာ အမှိုက်မပစ်ဖို့ ကိစ္စပါပဲ။ ဒါဟာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးအတွက် အရေးကြီးပါတယ်။ လူကြီးတွေ၊ ဆရာ ဆရာမတွေက အမှိုက်တွေပစ်နေရင် ကလေးတွေက လိုက်ပစ်မှာပဲ။ ငယ်ငယ်ကတည်းက အလေ့အကျင့်ကောင်းတွေကို စွဲသွားအောင်လုပ်မှ ကျွန်မတို့နိုင်ငံအတွက် ကောင်းမှာပါ။ သေးသေးလေးတွေကစပြီး အမှိုက်မပစ်ဖို့၊ အချိန်ကိုလေးစားဖို့ ကလေးတွေကို အချိန်လေးစားစေချင်ရင် ဆရာ ဆရာမတွေကလည်း အချိန်ကို လေးစားဖို့ လိုပါတယ်။ အသေးအဖွဲလေး ဆိုပေမယ့် အင်မတန်အရေးကြီးပါတယ်။

**ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့လို**

ကျောင်းက ကလေးတွေကို စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာလည်း ဖွံ့ဖြိုးတိုးတက်နေဖို့ လေ့ကျင့်ပျိုးထောင်ပေးရပါမယ်။ အခြေခံပညာကျောင်းတွေမှာ ငယ်စဉ်ကတည်းက အားကစားကို စိတ်ဝင်စားအောင် လေ့ကျင့်ပေးဖို့ လိုပါတယ်။ အသက်အရွယ်အလိုက် အားကစားပြိုင်ပွဲတွေ ကျင်းပပေးဖို့ လိုပါတယ်။ ဒီလိုကျန်းမာကြံ့ခိုင်တဲ့ကလေးတွေ မွေးထုတ်ပေးနိုင်ဖို့ဆိုတာ ဆရာ ဆရာမကလည်း ကျန်းမာကြံ့ခိုင်နေဖို့လိုပါတယ်။ အချို့က "အားကစား" ဆိုရင် ယောကျ်ားလေးတွေနဲ့သာ သက်ဆိုင်တယ်ထင်နေကြတုန်းပါပဲ။ 'ကျား' ဖြစ်ဖြစ်၊ 'မ' ဖြစ်ဖြစ် ကိုယ်ကာယကျန်းမာကြံ့ခိုင်ဖို့ လိုပါတယ်။ အခုဆိုရင် ကျွန်မတို့ မိန်းကလေးတွေဟာ အားကစားမှာ ပိုပြီးထွန်းပေါက်လာတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် "အားကစား ဆရာ ဆရာမ" တွေကိုလည်း အခြေခံပညာကျောင်းတွေမှာ ဖြည့်တင်းပေးရပါမယ်။ အားကစားလုပ်ခြင်းဖြင့် ကိုယ်ကာယ ကျန်းမာမှုအတွက် ကောင်းမွန်စေသည်သာမက အဖွဲ့အစည်းနဲ့ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခြင်းကိုလည်း လေ့ကျင့်ပေးရာရောက်ပါတယ်။ ပညာရေးမှာ ဆရာမတွေသာမက ဆရာတွေများလာအောင်လည်း ဆောင်ရွက်ဖို့အတွက် မူဝါဒတွေ ချမှတ်ဆောင်ရွက်ဖို့လိုပါတယ်။ ဆရာမတွေဟာ ဆရာတွေထက်စာရင် ၉၀ ရာခိုင်နှုန်း ဖြစ်နေပါတယ်။ ပညာရေးဘက်မှာ အမျိုးသားတွေပါဝင်ခြင်းဟာ အရေးကြီးပါတယ်။ ပညာရေးဟာ လူတိုင်းနဲ့ ဆိုင်တယ်။ ပညာပေးရတဲ့အလုပ်ဟာ အင်မတန်မှ မွန်မြတ်ပါတယ်။ အမျိုးသမီးတွေသာလုပ်ရတာမဟုတ်ဘဲ အမျိုးသားတွေပါ လုပ်သင့်ပါတယ်ဆိုတာကို ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

ကလေးတွေ ဘက်စုံဖွံ့ဖြိုးစေဖို့အတွက် ကာယပညာသင်ကြားရေးအပြင် အနုပညာနဲ့ပတ်သက်လို့ ပန်းချီ၊ ဂီတ စတဲ့ ရသပညာရေးကိုလည်း လေ့ကျင့်သင်ကြားပေးဖို့လိုပါတယ်။ "အနုပညာ"ဟာ လူတစ်ဦးရဲ့ ငြိမ်းချမ်းခြင်းကို အထောက်အကူ ဖြစ်စေပါတယ်။ ပတ်ဝန်းကျင်အလှကိုလည်း မြင်တတ်စေပါတယ်၊ ဝါသနာရှင်များအကြား နားလည်မှု၊ ခင်မင်ရင်းနှီးမှုတွေ တိုးတက်စေမယ့် အခွင့်အရေးတွေကိုလည်း ဖန်တီးပေးနိုင်ပါတယ်။

အခုဆိုရင် ကျွန်မတို့နိုင်ငံကို စစ်မှန်တဲ့ "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု"ဖြစ်အောင် ထူထောင်နေတဲ့အချိန်ဖြစ်လို့ ငြိမ်းချမ်းရေးဟာ အလွန် အရေးကြီးပါတယ်။ များသောအားဖြင့် ပတ်ဝန်းကျင်ရဲ့ ငြိမ်းချမ်းရေးကို တန်ဖိုးမထားသူတွေဟာ ကိုယ့်ကိုယ်ကိုယ် ငြိမ်းချမ်းအောင် တည်ဆောက်ရာမှာ အားနည်းသူတွေ ဖြစ်တတ်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ကျောင်းက ကျောင်းသား ကျောင်းသူတွေရဲ့ဘဝ၊ ဆရာ ဆရာမတွေ ငြိမ်းချမ်းစွာ ပညာရယူ၊ မျှဝေနိုင်မယ့် ပတ်ဝန်းကျင် တည်ဆောက်ပေးခြင်းအားဖြင့် ငြိမ်းချမ်းရေးကို မြတ်နိုးအောင် အားပေးနိုင်ပါတယ်။ အထူးသဖြင့် ဝေးလံခေါင်ဖျားမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာ ဆရာမများရဲ့ ဘဝတွေကို နားလည်ဖို့ လိုပါတယ်။ သူတို့ရဲ့ခံစားချက်ကိုသိမှ ဘာတွေကို ပံ့ပိုးရမလဲဆိုတာ သိနိုင်မှာ ဖြစ်ပါတယ်။ ဆရာ ဆရာမတွေဘဝလုံခြုံမှ သူတို့ပြုစုပျိုးထောင်ပေးနေတဲ့ ကလေးတွေလည်း ငြိမ်းချမ်းစွာနဲ့ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ မြေပြန့်၊ တောင်ပေါ် မခွဲခြားဘဲ ပညာသင်ယူမှု အခွင့်အလမ်းတွေ တန်းတူရအောင် ဖန်တီးပေးရပါမယ်။ ဆရာ ဆရာမတွေအနေနဲ့ ပိုပြီးတော့ ခက်ခဲတဲ့နေရာတွေမှာ သွားပြီးတော့ တာဝန်ထမ်းဆောင်မယ်ဆိုတာကို စိန်ခေါ်မှုတစ်ခုအနေနဲ့ မြင်စေချင်ပါတယ်။ နိုင်ငံအတွက် ထိထိရောက်ရောက် တာဝန်ထမ်းဆောင်လို့ရမယ့် အခွင့်အရေးတစ်ခုဆိုပြီး မြင်စေချင်ပါတယ်။ ဒီလိုစွန့်စားတဲ့ စိတ်ဓာတ်တွေကို အထူးသဖြင့် ငယ်ရွယ်တဲ့ ဆရာ ဆရာမတွေမှာ ရှိစေချင်ပါတယ်။ ခက်ခဲတဲ့နေရာတွေမှာ ပညာသင်ကြားပေးရတာ ပိုပြီးတန်ဖိုးရှိတယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးမြူပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

**ဘေးကင်းလုံခြုံစွာ နေထိုင်တတ်ဖို့ သင်ကြား**

ဆရာသည် ကလေးများကို ကျောင်းသင်ဘာသာရပ်များကိုသာ သင်ပေးခြင်းနဲ့ မလုံလောက်ပါဘူး။ ဘေးကင်းလုံခြုံစွာ နေထိုင်တတ်ဖို့လည်း သင်ကြားပေးရပါတယ်။ လူငယ်တွေ မူးယစ်ဆေးဝါးသုံးစွဲပြီး လမ်းမှားကိုမရောက်ဖို့ အခြေခံပညာကျောင်းတွေမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အစီအစဉ်တွေ လုပ်ပေးစေချင်ပါတယ်။ ယခုနည်းပညာ အရှိန်အဟုန် တိုးတက်နေတဲ့ ခေတ်ကြီးမှာ နည်းပညာသစ်တွေရဲ့ အကောင်း၊ အဆိုးအကျိုးနှစ်သွယ်လုံး ကလေးများသိအောင် လုပ်ပေးဖို့လည်းလိုပါတယ်။ ဒီလိုလုပ်ငန်းတွေမှာ ဆရာတွေနဲ့ မိဘတွေ ပူးပေါင်းဆောင်ရွက်ဖို့ အထူးအရေးကြီးပါတယ်။ စာသင်ခန်းထဲမှာပဲ သင်ပေးလို့ မလုံလောက်တော့ပါဘူး။ မိဘတွေကပါ ဝိုင်းဝန်းပြီးကူညီမှ၊ ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မှ မူးယစ်ဆေးဝါးပြဿနာ၊ နောက်ပြီးတော့ လက်ကိုင်ဖုန်းတွေက ဝင်လာတဲ့ အချက်အလက်တွေအမျိုးမျိုးပေါ့၊ လူငယ်တွေနဲ့ သင့်တော်တာတွေပါမယ်၊ မသင့်တော်တာတွေလည်း ပါတယ်။ ဒါတွေဟာ တစ်ချိန်လုံး ဝင်နေတာပဲ။ ကိုယ့်ကလေးတွေ မှန်ကန်တဲ့လမ်းရောက်အောင်လို့ သူတို့ ဘာတွေမြင်နေရလဲ၊ တွေ့နေကြလဲ၊ ဘာတွေကိုဖတ်နေကြလဲ၊ ဘာတွေကို ကြားနေကြလဲဆိုတာကို မိဘဆရာတွေက သိမှသာလျှင် ကလေးတွေကို ကူညီပြီးတော့ ဘယ်ဟာကိုပယ်သင့်တယ်၊ ဘယ်ဟာကိုတော့ လက်ခံသင့်တယ် ဆိုတာကို သင်ပေးနိုင်မှာ ဖြစ်ပါတယ်။

ကျွန်မတို့ဟာ လူငယ်တွေကို အနာဂတ်မှာ နိုင်ငံ့တာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်တဲ့ လူသားကောင်းတွေဖြစ်ဖို့ လေ့ကျင့်မွေးထုတ်ပေးရမယ့် သမိုင်းပေး တာဝန်ရှိပါတယ်။ တစ်ကမ္ဘာလုံးရဲ့ လိုအပ်ချက်၊ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အရ အသက်မွေးဝမ်းကျောင်းပညာကို အားပေးဖို့လည်း လိုပါတယ်။ အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်သွားတဲ့ ကလေးတွေထဲမှာ တက္ကသိုလ်ပညာ ဆက်သင်တဲ့ကလေးတွေရှိသလို အသက်မွေးဝမ်းကျောင်း ပညာဘက်ကိုလိုက်တဲ့ ကလေးတွေရှိဖို့ အလွန်အရေးကြီးပါတယ်။ အသက်မွေးဝမ်းကျောင်းပညာဆိုတာ ဒုတိယတန်းစား ပညာမဟုတ်ပါဘူး၊ သင်ယူသူတွေအတွက် သာမက နိုင်ငံ့အတွက်၊ ကမ္ဘာ့အတွက် တန်ဖိုးရှိလှတာကြောင့် ယခုခေတ်ရဲ့ လိုအပ်ချက်နဲ့အညီ သက်မွေးပညာရေးကို မြှင့်တင်ပေးဖို့ အရေးကြီးပါတယ်။

၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ လာမယ့် တစ်ဆယ့်ငါးနှစ် ကာလအတွင်း ကြိုးပမ်းဆောင်ရွက်ကြရမယ့် ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များရဲ့ ပန်းတိုင်(၄)ဖြစ်တဲ့ လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိတဲ့ ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်စေတနာအပြည့်အဝဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မသန်စွမ်းကလေးများနဲ့ အထူးလိုအပ်ချက်ရှိတဲ့ ကလေးများအပါအဝင် ကလေးတိုင်း သာတူညီမျှ အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

ဆရာ ဆရာမတွေဟာ ကျောင်းအတွင်းမှာ ရောက်လာတဲ့ကလေးမှ ငါတို့နဲ့ဆိုင်တယ်လို့ သဘောမထားစေချင်ပါဘူး။ ကျောင်းပြင်ပရောက်နေတဲ့ ကလေးများ သင်ယူမှု အခွင့်အလမ်းတွေရအောင်လည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဆိုလိုတာက ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူဖို့ အခွင့်အရေးရအောင် ဆရာ ဆရာမတွေနဲ့ မိဘတွေ ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်။ ဆရာ ဆရာမစိတ်ဓာတ်နဲ့ဆိုရင် ကျောင်းတက်တဲ့အချိန်မှာ ကျောင်းမတက်ဘဲ ဆော့နေတဲ့ကလေးတွေမြင်လို့ရှိရင် သွားပြီးတော့မေးစေချင်တယ်။ ကျောင်းမတက်ဘူးလား၊ ဘာဖြစ်လို့ ကျောင်းမတက်တာလဲ၊ ကျောင်းမတက်နိုင်လို့လား၊ ကျောင်းပြေးနေတာလား စိတ်ဝင်စားမှုရှိစေချင်တယ်။ လမ်းဘေးမှာ ကလေးတွေရောက်နေတယ်ဆိုတာ မကောင်းပါဘူး။ လမ်းဘေးက ကလေးတွေ ကျောင်းစာသင်ခန်းထဲရောက်ဖို့အတွက် ကျွန်မတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းစေလိုပါတယ်။

စာမျက်နှာ ၄ သို့ ○

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Ronen Gilor အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အစ္စရေး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပိုင်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

**O စာမျက်နှာ ၃ မှ**

ယခင်တုန်းကတော့ "ကျောင်းဆိုတာ တိတ်ဆိတ်ငြိမ်သက်စွာ သင်ယူတဲ့နေရာလိုမျိုး ဖန်တီးနိုင်တာကို ဂုဏ်ယူခဲ့ကြတာကို" ကြားဖူးပါတယ်။ တကယ်တော့ ကျောင်းဆိုတာ စာသင်ခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ လက်ပိုက်ပြီး ဆရာပြောသမျှ နားထောင်တဲ့ အစဉ်အလာကိုတော့ အားမပေးသင့်ပါဘူး။ ဒီလိုပြောခြင်းအားဖြင့် နားထောင်ရမယ့်အချိန်မှာ နားမထောင်ရဘူးလို့ ပြောလိုခြင်း မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ချိန်လုံး ဆရာကပဲ ပြောမယ်။ ကျောင်းသားတွေက နှုတ်ဆိတ်ပြီးနားထောင်ရမယ်၊ မေးခွန်းလည်းမထုတ်ရဘူး၊ ဆရာ ဆရာမပြောတာ အကုန်မှန်၏ဆိုပြီး အဲသလိုသင်ယူတဲ့စနစ်မျိုးနဲ့က ကျွန်မတို့ အခုခေတ်နဲ့ မီအောင်လိုက်နိုင်မှာ မဟုတ်ပါဘူး။ ကျောင်းသားကျောင်းသူတွေ လွတ်လပ်ပေါ့ပါး စိတ်ဝင်စားစွာနဲ့ သင်ယူနိုင်ဖို့လိုပါတယ်။ စာတစ်ခုတည်းမဟုတ်ဘဲ အားကစား၊ ဂီတ၊ အနုပညာ၊ စိုက်ပျိုးရေး စတာတွေကိုပါ ပီပီပြင်ပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပေးကြရမှာပါ။ ကျွန်မတို့နိုင်ငံမှာရှိတဲ့ ကလေးတွေကို ပြောရဲ၊ ဆိုရဲ၊ သွက်လက်ထက်မြက်နေတဲ့ ကလေးတွေဖြစ်အောင် ဆရာ ဆရာမတွေက လေ့ကျင့်ပေးရပါမယ်။ "ဒီမိုကရေစီအစ စာသင်ကျောင်းက"ဆိုတဲ့အတိုင်း ကျောင်းတွင်းမှစပြီး ဒီမိုကရေစီစနစ် ဖွံ့ဖြိုးရှင်သန်စေမယ့် အမူအကျင့်တွေ သင်ကြားပေးရမှာပါ။ ကလေးများ နားလည်နိုင်မယ့်၊ စိတ်ဝင်စားမယ့် နည်းတွေသုံးပြီး မိမိတို့တစ်သက်တာအတွက်၊ နိုင်ငံ့အနာဂတ်အတွက်၊ အကျိုးဖြစ်စေမယ့် အတွေးအခေါ်များကို သင်ကြားပေးစေချင်ပါတယ်။ ကြုံတုန်းပြောရမယ်ဆို ကျွန်မမကြာခင်လတွေတုန်းက တွေ့ခဲ့တဲ့ကလေးတွေကို ကျွန်မအားရပါတယ်။ မူလတန်းကလေးတွေရော၊ အထက်တန်းကလေးတွေရော ပြောရဲဆိုရဲ ရဲရဲဝံ့ဝံ့ရှိကြတယ်။ မေးလို့ရှိရင်ဖြေတယ်။ သူတို့စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောတယ်။ နည်းနည်းရှက်တာတော့ရှိပေမယ့် ရှက်တာနဲ့ကြောက်တာမတူဘူး။ ကလေးတွေဆိုတော့ ရှက်တာကတော့ သဘာဝကျပါတယ်။ နောက်ပြီးသူတို့ တတ်တဲ့ပညာကိုသူတို့ဂုဏ်ယူတယ်။ နည်းနည်းပဲတတ်တဲ့ပညာကိုတောင် အများကြီးဂုဏ်ယူတယ်။ ဒါကြောင့်မို့လို့ ကျောင်းဆရာ ဆရာမများရဲ့အလုပ်ဟာ အင်မတန်မွန်မြတ်ပါတယ်ဆိုတာကို လူတိုင်းလူတိုင်းကို မိမိကိုယ်ကို တန်ဖိုးထားတတ်အောင်၊ ဂုဏ်ယူတတ်အောင်လို့ သင်ပေးတာဟာ တကယ့်ဆရာ ဆရာမများရဲ့ အကြီးမားဆုံး စွမ်းဆောင်မှုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ကလေးတွေကို ထက်ထက်မြက်မြက်၊ ရဲရဲတင်းတင်းနဲ့ ဘဝကိုရင်ဆိုင်နိုင်အောင်လို့ ကူညီပေးကြပါ။

### အကျိုးပြုနိုင်

မြန်မာနိုင်ငံရဲ့ အမျိုးသားပညာရေးစနစ် ပြောင်းလဲရာမှာ ကလေးများအနေနဲ့ တီထွင်ဖန်တီးခြင်းနဲ့ ဆန်းစစ်ဝေဖန်ပိုင်းခြားခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနဲ့ ကျင့်ဝတ်များရရှိကာ မိမိဘဝအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရွေးချယ်လုပ်ကိုင်နိုင်တဲ့ အရည်အချင်းများနဲ့ ပြည့်စုံအောင် ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှ မြန်မာနိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်သည့် ပညာရေးဖြစ်မယ်လို့ ယုံကြည်ပါတယ်။

"အရည်အသွေးရှိတဲ့ပညာရေး"ရရှိဖို့အတွက် ကလေးများဟာ ကျန်းမာသန်စွမ်းနေဖို့လိုပါတယ်။ ကျန်းမာသန်စွမ်းမှ သင်ယူလိုတဲ့အကြောင်းအရာများကို စိတ်အားထက်သန်စွာ သင်ယူနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းတွေမှာ အာဟာရပြည့်ဝအောင်၊ ကျန်းမာသန်စွမ်းအောင် ဘယ်လိုနေထိုင်ရမယ်ဆိုတာကိုလည်း လမ်းညွှန်သင်ကြားပေးကြရပါမယ်။ ကျွန်မ ကျောင်းသားမိဘတွေကို မေးတဲ့အခါမှာ အထူးသဖြင့် ရွာကလေးတွေ၊ မြို့ကလေးတွေမှာ မေးလို့ရှိရင် ပညာရေးကို အမြဲတမ်းကျန်းမာရေးရဲ့ရှေ့မှာထားပြီး ပြောပါတယ်။ အဲဒါကို ကျွန်မစိတ်ဝင်စားပါတယ်။ မိဘများဟာ သားသမီးများရဲ့ အနာဂတ်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ကြည့်ပြီး ပညာသိပ်တတ်စေချင်တယ်။ ဒါကြောင့် ကျွန်မ အမြဲတမ်းသတိပေးရတယ်။ ပညာတတ်ပြီး မကျန်းမာရင် ဘဝမှာရပ်တည်ဖို့ မလွယ်ကူဘူး။ ဒါကြောင့် ကျန်းမာရေးနဲ့ ပညာရေးက တန်းတူတန်ဖိုးရှိတယ်ဆိုတာကို အတန်းထဲမှာ ဆရာဆရာမများဟာ သင်ကြားရမယ်။မိဘများကလည်း နားလည်ဖို့လိုပါတယ်။ ကျန်းမာရေးပညာပေးတယ်ဆိုတာကလည်း တစ်သက်တာပိုပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ဖို့အတွက် ဖြစ်ပါတယ်။

### ပညာပြည့်ဝ နှလုံးလှဖို့

ပညာရေးလုပ်ငန်းရဲ့ သော့ချက်အကျဆုံးနေရာမှာရှိနေသူများက "ဆရာ"များဖြစ်ပါတယ်။ ဆရာတွေဆိုတာ "ပညာပြည့်ဝ နှလုံးလှ" ဖို့လိုပါတယ်။ "ပညာ"ဆိုတာ လက်ဆင့်ကမ်းတဲ့အရာဖြစ်ပါတယ်။ လက်ဆင့်ကမ်းရာမှာ ဦးနှောက်နဲ့ရော၊ နှလုံးသားနဲ့ပါ လက်ဆင့်ကမ်းဖို့လိုပါတယ်။ ကိုယ့်ရဲ့ပညာအရည်အသွေးကို ပြည့်ဝအောင် တစ်သက်တာ သင်ယူကြိုးစားပြီး ကိုယ့်ရဲ့တပည့်တွေကို ကိုယ့်ထက်သာတဲ့သူတွေဖြစ်အောင် လုပ်နိုင်စွမ်းရှိစေချင်ပါတယ်။ ဆရာစားမချန်ပါနဲ့။ တကယ်သိက္ခာရှိတဲ့၊ ဂုဏ်ရှိတဲ့ဆရာတွေဆိုတာ မိမိတို့ထက်ပိုတော်တဲ့ တပည့်တွေကို မွေးထုတ်နိုင်တဲ့ ဆရာဆရာမတွေပဲဖြစ်ပါတယ်။ ပညာရေးစီမံခန့်ခွဲသူတွေနဲ့ ဆရာ ဆရာမတွေဟာ ဦးဆောင်လမ်းပြနိုင်မှု အရည်အသွေး၊ စီမံခန့်ခွဲမှုအရည်အသွေး ပြည့်ဝနေဖို့လည်း အစဉ်ကြိုးစားစေချင်ပါတယ်။ စီမံခန့်ခွဲတဲ့နေရာမှာ မျှတမှုရှိစေချင်ပါတယ်။ "အဂတိ" တရားကင်းရှင်းရပါမယ်။ ပညာရေးမှာထူးချွန်ပြီး တော်တဲ့သူတွေကို "နေရာမှန်၊ လူမှန်" နေရာပေးမှုရှိသလို၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့သူတွေဖြစ်ဖို့လည်း လိုပါတယ်။ ဒါဟာအစိုးရမှာလည်း တာဝန်ရှိပါတယ်။ အစိုးရက ပညာရေးဌာနကို စီမံခန့်ခွဲတဲ့နေရာမှာ မျှတမှုရှိဖို့လိုပါတယ်။ ကျွန်မတို့ရဲ့ ပညာရေးမှာ မျှတမှုကို အတန်းထဲမှာကတည်းက ဆရာ ဆရာမတွေက သင်ပေးရမှာပါ။ ဘယ်သူ့ကိုမျက်နှာလိုက်တယ်၊ ဘယ်သူ့ကို မျက်နှာမလိုက်ဘူး၊ ဘယ်သူ့သားသမီးဖြစ်လို့ ဆိုတာမျိုးမရှိသင့်ပါဘူး။ နောက်ပြီးတော့ ဆရာ ဆရာမတွေက စာတော်တဲ့တပည့်တွေကို မျက်နှာလိုက်ပါတယ်။ ဒါလည်း တစ်နည်းအားဖြင့် သဘာဝကျပါတယ်။ ဒါပေမယ့် ကျွန်မအမြင်မှာတော့ စာမတော်တဲ့ကလေးတွေကို ပိုပြီးတော့ ဂရုစိုက်ရမှာပါ။ ဘာဖြစ်လို့ မတော်တာလဲ၊ သူတို့မှာ ဘာပြဿနာရှိလို့လဲ၊ ကျောင်းစာကို ဘာကြောင့် ကောင်းကောင်း စိတ်မဝင်စားတာလဲ၊ ဘာဖြစ်လို့ စာမလိုက်နိုင်တာလဲ၊ ဘယ်လိုဒီဟာတွေကို ကူညီပေးနိုင်မလဲဆိုတာတွေ၊ ကျောင်းသားတွေရဲ့ အားနည်းချက်တွေကို ဘယ်လိုဖြည့်ဆည်းပေးနိုင်မလဲဆိုတာကို လုပ်မယ်ဆိုတာ ဆရာ ဆရာမများရဲ့ အင်မတန်မှ အရေးကြီးတဲ့တာဝန် ဖြစ်ပါတယ်။ တော်တဲ့ကလေးတွေကိုလည်း ပိုတော်လာအောင် ပြုစုပျိုးထောင်ပေးနိုင်ရမယ်။ နောက်မှာကျန်နေတဲ့ ကလေးတွေကိုလည်း လက်တွဲပြီးခေါ်လာနိုင်ရမယ်ဆိုတာ ဆရာ ဆရာမကောင်းများရဲ့ တာဝန်လို့ မှတ်ယူစေချင်ပါတယ်။

ပညာရေးသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချ၍ သာတူညီမျှရှိစေခြင်း၊ မိသားစုဝင်ငွေ မြင့်မားလာစေခြင်း၊ တစ်ဦးချင်းစီနှင့် မိသားစုကျန်းမာရေးမြှင့်တင်ပေးနိုင်ခြင်း၊ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးခိုင်မာစေခြင်း စတဲ့များစွာသော အကျိုးများနဲ့ သက်ဆိုင်ပါတယ်။ ယခုကျင်းပပြုလုပ်တဲ့ နှီးနှောဖလှယ်ပွဲမှ ဆွေးနွေးချက်တွေဟာ နိုင်ငံရဲ့အနာဂတ်အတွက် ထိရောက်စွာ အကျိုးဆောင်နိုင်မယ့် အခြေခံပညာကဏ္ဍ ပညာရေးစနစ် ပေါ်ပေါက်ခိုင်မာလာစေနိုင်မယ်လို့ မျှော်လင့်ပါတယ်။

### နေတတ်ဖို့ပဲဖြစ်

ကျွန်မတို့ ထုံးတမ်းစဉ်လာအရ လူကြီးတွေက လူငယ်တွေကို ဆုပေးတဲ့အခါမှာ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးပါစေလို့ ယေဘုယျအားဖြင့်ပြောကြပါတယ်။ ပညာပေးတယ်ဆိုတာ ဒီဟာတွေ ကိုယ့်ကိုယ်ကိုယ်ဖြစ်အောင် လုပ်နိုင်ဖို့ပဲ၊ ဒီဆုတွေကို ကိုယ့်ကိုယ်ကိုယ်ဖြည့်နိုင်တဲ့ အရည်အချင်းတွေပေးဖို့ပဲ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေတတ်ဖို့ ပညာလိုတယ်။ ကိုယ့်ကိုယ်ကိုယ် ချမ်းသာအောင်နေတတ်ဖို့၊ ချမ်းသာအောင်ဆိုတာ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာရော ချမ်းသာအောင်နေတတ်ဖို့ဆိုတာ ပညာလိုတယ်။ ဘေးအန္တရာယ်ကင်းဝေးအောင်နေတတ်ဖို့ဆိုတာလည်း ပညာလိုတယ်။ ကျွန်မတို့ ပညာရေးရဲ့ရည်ရွယ်ချက်ဟာ ဘာလဲလို့ ရိုးရိုးလေးပြောလို့ရှိရင် ကျွန်မတို့တစ်တွေရဲ့ ကလေးများ၊ သားသမီးများကို နေ့စဉ်နှင့်အမျှ ပေးနေတဲ့ဆုတွေကို ကလေးသူငယ်တွေ မိမိတို့ကိုယ်တိုင် ဘဝတစ်လျှောက်မှာ ဖြည့်ဆည်းပေးသွားနိုင်ဖို့ ကျန်းမာအောင်၊ ချမ်းသာအောင်၊ ဘေးအန္တရာယ်ကင်းဝေးအောင် နေတတ်ဖို့ပဲဖြစ်တယ်လို့ပြောရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးဝန်ကြီးများနှင့်လည်းကောင်း၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များနှင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အဆင့်မြင့်ပညာဦးစီးဌာန(ဆရာအတတ်သင်) သင်ထောက်ကူပြခန်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနပြခန်း၊ အခြေခံပညာဦးစီးဌာန ICT ပြခန်း၊ တိုင်းရင်းသားဘာသာစာပေ သင်ကြား၊ သင်ယူမှုပြခန်း၊ နေပြည်တော်ပညာရေးမှူးရုံး သိပ္ပံပစ္စည်းကိရိယာပြခန်း၊ ဇီဝဗေဒသင်ထောက်ကူပြခန်း၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး သိပ္ပံပြခန်းနှင့် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး ဇီဝဗေဒ၊ ဓာတုဗေဒ သင်ထောက်ကူပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ ၁ ခု ဖတ်ကြားတင်ပြခြင်းနှင့် အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

## မုန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာငွေ ထည့်သွင်းလျာထားပြီး ဆောင်ရွက်သွားမည်

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ် မြောက်ပိုင်း မုန်းချောင်းအနောက်ဘက်ကမ်းရှိ သွားလာရေးခက်ခဲသောကျေးရွာ ၁၉ ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် မုန်းချောင်းအားဖြတ်၍ ကြိုးတံတား သို့မဟုတ် ဘေလီတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဆိုပါ တံတားတည်ဆောက်မည့် လမ်းပိုင်းများ၏ အခြေအနေသည် အလယ်ဟန်ဒေါက်-ဘူးလမ်းမှာ ကျောက်ချောလမ်း (၁၀/၁) မိုင် Class (A) ဦးစားပေး(၁)နှင့် မြေသားလမ်း ၆ မိုင် Class (A) ဦးစားပေး (၂) တို့ဖြစ်ပြီး မုန်းချောင်းကူးတံတားအား တည်ဆောက်ပြီးပါက ကျေးရွာ ၁၉ ရွာတွင်နေထိုင်ကြသည့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အလယ်ဟန်ဒေါက်-ဘူး-တပွင့်လမ်းပေါ်ရှိ မုန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘဏ္ဍာငွေ ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် ဆက်သွယ်ထားသည့် သံလွင်မြစ်ကူးတံတား(တာဆန်း)သည် မူလကြိုးတံတားဖြစ်ခြင်း၊ ခံနိုင်ဝန် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် တန် (၇၀) ခံနိုင်ဝန်ရှိသည့် အဆင့်မြင့်သံကူကွန်ကရစ် တံတားတစ်စင်း ထပ်မံတည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ** သိလိုခြင်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်သူများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန်နှင့် လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် မိုင်းတုံ- မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား (တာဆန်း)ကို တန် ၆၀ ခံနိုင်ဝန်ရှိသော Steel Truss သံပေါင်တံတားအမျိုးအစားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအား စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလုံလောက်စွာရရှိပါက အပြီးတည်ဆောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ပေးမည်ဆိုပါက လေရှီးမြို့အတွက် အလွန်အရေးပါသော တံတား ၁ စင်းဖြစ်

လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်၏ အဓိက ပင်မလမ်းကြောင်းဖြစ်သော ထမံသီ-လေရှီး-အိန္ဒိယ နယ်စပ်လမ်းကြောင်းပေါ်ရှိ ထမံသီ ချင်းတွင်း မြစ်ကူးတံတားအား မည်သည့်ခုနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ထမံသီ-လေရှီး-အိန္ဒိယနယ်စပ်လမ်းနှင့် ပင်းမရွာသို့ ဆက်သွယ်ထားသော သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်တွင် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ)တည်ရှိပါကြောင်း၊ အဆိုပါတံတားနှင့် အဓိကအသုံးပြုရမည့် ဆက်စပ်လမ်းသည် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းဖြစ်သည့်အတွက် တံတားတည်ဆောက်ရန် ရေရှည်စီမံချက် Master Plan တွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါကြောင်း။

ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ပေးမည်ဆိုပါက လေရှီးမြို့အတွက် အလွန်အရေးပါသော တံတား ၁စင်း ဖြစ်ပါကြောင်း၊ ယင်းတံတား တည်ဆောက်ပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ညှိနှိုင်းထားခြင်းများရှိပါကြောင်း၊ ချင်းတွင်းတံတား (ထမံသီ)၏ ခန့်မှန်းအရှည်မှာ ချင်းတွင်းမြစ်၏ အကျယ်မိုင် မိုင်ဝက်ခန့်ရှိပြီး မိုးရာသီကာလ၌ ချင်းတွင်းမြစ်ရေသည် ရေစီးအလွန်သန်သည့်အတွက်ကြောင့် တံတားတည်ဆောက်ချိန်တွင် အင်အားကောင်းသော စက်ယန္တရားများနှင့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ချင်းတွင်းတံတား (ထမံသီ) အကောင်အထည်ဖော် တည်ဆောက်ရန် ရန်ပုံငွေကန့်သတ်ချက်များ ရှိပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အင်အားအကောင်းဆုံး စက်ယန္တရားများဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ရခိုင်ပြည်နယ်(မင်းပြား-မြေပုံ) မြို့ရွာချင်းဆက်လမ်းအား ကြပ်စင်တံတား ဖွင့်လှစ်ပွဲအမီ ကတ္တရာလမ်းအပြီး ခင်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနအတွက် ပြည်နယ်အဆိုပြု လျာထား



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

ရန်ပုံငွေ နည်းပါးမှုကြောင့် မြေပုံ-မင်းပြားလမ်းပေါ်ရှိ ကြံ့ခိုင်မှုအားနည်းသော သစ်သားတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါ၍ ကျန်ရှိသည့် လမ်းပိုင်း (၁၅/၂)မိုင်အား ကြပ်စင်တံတားဖွင့်ပွဲအမီ ကတ္တရာလမ်းအဖြစ် အပြီးဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေနှင့် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးအေးမင်းအောင်(ခ) ဦးမင်းမင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက လွှတ်တော်သို့ တင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အဆိုပါ မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသော အချက် ၂ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အဆိုတင်သွင်းပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသည့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုနိုင်သေးမီ စပ်ကြားကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့် ကျေးရွာများအားလုံး တစ်ပြေးညီ သန့်ရှင်းသပ်ရပ်လှပစေရန် စနစ်တကျ အမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်မှုတစေမည့် အမှိုက်စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများ တိကျစွာ သတ်မှတ်ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ဦးစားပေးလုပ်ငန်း လမ်းညွှန်ချက်တစ်ရပ်အဖြစ် သတ်မှတ်ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးကြသည်။

## အစိုးရနှင့် ပြည်သူလက်တွဲ ကူညီဖြေရှင်း ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံတော်ကြီးကို သန့်ရှင်းလှပမှုများ ဆောင်ကြဉ်းပေးကြရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေး

သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က မိမိတို့လူသားများနှင့် လူ့သဘာဝပတ်ဝန်းကျင်၏ သာယာလှပမှု ကျန်းမာဖွံ့ဖြိုးတိုးတက်မှုများကို ပျက်စီးစေရန် ခြိမ်းခြောက်နေသည့် အကြောင်းအရာများထဲတွင် စွန့်ပစ်အမှိုက်ပြဿနာသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ စွန့်ပစ်အမှိုက်ပြဿနာကို စည်ပင်သာယာနှင့် အစိုးရတို့က ဖြေရှင်းခြင်း၊ မြေနေရာရှိခြင်းတို့ဖြင့် မဖြေရှင်းနိုင်ပါကြောင်း၊ အဆိုရှင် တင်ပြသကဲ့သို့ လူတစ်ဦးချင်းစီက စွန့်ပစ်လိုက်သည့် အမှိုက်တစ်စ ပေါင်းလိုက်ပါက လူ့အဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်လာနိုင်သောကြောင့် ပြည်သူအားလုံးက တာဝန်သိစွာနှင့် စွန့်ပစ်အမှိုက်များကို လျှော့ချရန် မိမိတို့အမှိုက်များကို တစ်ပိုင်တစ်နိုင်ဖြင့် ဖြေရှင်း၍ရသည့် နည်းလမ်းများဖြင့် ဖြေရှင်းရန် လိုအပ်ပါကြောင်း၊ မလိုလားအပ်သည့် ထုပ်ပိုးမှုများကို ငြင်းပယ်ခြင်း၊ ဖျက်ဆီးရခက်ခဲသည့် ပလတ်စတစ်စသည့် အသုံးအဆောင်များကို လျှော့ချခြင်းဖြင့်လည်း ဖြေရှင်းနိုင်ပါကြောင်း၊ အစိုးရနှင့် ပြည်သူလက်တွဲ ကူညီဖြေရှင်း ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံတော်ကြီးကို သန့်ရှင်းလှပမှုများ ဆောင်ကြဉ်းပေးကြရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူက နိုင်ငံတစ်ဝန်းလုံးအတွက် စွန့်ပစ်အမှိုက်စီမံမှုသည် အလွန်အရေးကြီးသည့်အတွက် အမျိုးသားစီမံကိန်းတစ်ရပ် မအောင်မြင်မီ ကြားကာလကိုလည်း မဖြစ်မနေအာရုံစိုက်ရန် လိုအပ်လာပါကြောင်း၊ စွန့်ပစ်အမှိုက်များအတွက် အစိုးရက ဒေသဆိုင်ရာနှင့် အံဝင်ခွင်ကျဖြစ်မည့် စီမံမှုအစီအစဉ်များကို စည်ပင်သာယာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ရေးဆွဲရာတွင် မဖြစ်မနေ ထည့်သွင်းစေလိုပါကြောင်း၊ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များကို ဆီလျော်စွာ ပြဋ္ဌာန်းသတ်မှတ်ပြီး ခိုင်လုံသည့်မူဝါဒ၊ ကတိကဝတ်ပြုမှုများ၊ ပြည်သူလူထု၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ ပူးပေါင်းဆောင်ရွက်ရန် မျှော်မှန်းပါကြောင်း အကြံပြုဆွေးနွေးသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက စွန့်ပစ်ပစ္စည်း စွန့်ပစ်မှုသည် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့် အကြီးမားဆုံး အရာတစ်ခုဖြစ်ပါကြောင်း၊ ယခုနှုန်းအတိုင်းသွားမည်ဆိုပါက ကမ္ဘာပေါ်တွင် မြို့များ၏ စွန့်ပစ်ပစ္စည်းတိုးလာနှုန်းသည် ၂၀၂၅ တွင် တစ်နှစ်လျှင် ၂ ဒသမ ၂ ဘီလီယံတန် နှုန်းဖြစ်လာနိုင်ပါကြောင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် ရေမြောင်းများပိတ်ဆို့ခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် အမှိုက်များ ပိတ်ဆို့နေမှုကြောင့် ရေကြီးရေလျှံမှုများကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ မြို့ကြီးများတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ပိုမိုများပြားလာပါကြောင်း၊ လူနေအသုံးအဆောင်များလည်း ပိုမိုသုံးစွဲလာသည်နှင့်အတူ အမှိုက်စွန့်ပစ်မှုများသည်လည်း တစ်နေ့ထက် တစ်နေ့ ပိုမိုများပြားလာပါကြောင်း၊ ပလတ်စတစ်မျိုးစုံပမာဏသည် အတိုင်းအတာတစ်ခုအထိ ပါဝင်နေပါကြောင်း၊ အမှိုက်ခွဲခြားပစ်ရန် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အမှိုက်စနစ်တကျ မစွန့်ပစ်တတ်ခြင်းတို့သည်လည်း သဘာဝအလှတရားကို ထိခိုက်စေသကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေပါကြောင်း။

## ကျေးရွာအုပ်စုတစ်စုလျှင် တစ်ရွာကို စံပြရွာသတ်မှတ်၍ အမှိုက်ခြင်းတောင်း၊ အမှိုက်စွန့်ပစ်ကျင်းများကို စနစ်တကျ နမူနာပြ ပညာပေးဆောင်ရွက်ပေးသင့်

ကျေးလက်ဒေသများတွင် အမှိုက်ကင်းစင်သောရွာ၊ စံပြရွာဟု ဆိုင်းဘုတ်တပ်ထားသော်လည်း အမှန်တကယ် သန့်ရှင်းသောရွာဖြစ်စေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျေးရွာအုပ်စုတစ်စုလျှင် တစ်ရွာကို စံပြရွာသတ်မှတ်၍ အမှိုက်ခြင်းတောင်း၊ အမှိုက်စွန့်ပစ်ကျင်းများကို စနစ်တကျ နမူနာပြ ပညာပေးဆောင်ရွက်ပေးသင့်ပါကြောင်း၊ အမှိုက်ကို စနစ်တကျစွန့်ပစ်ရန်နှင့် အမှိုက်စွန့်ပစ်မည့် အမှိုက်စုပုံကွင်းများ၊ အမှိုက်စွန့်ပစ်ကျင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက တိကျစွာသတ်မှတ်ပေးရန်တို့ကို အကြံပြုဆွေးနွေးသည်။

ထို့နောက် ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးမြင့်သိန်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ မုံရွာမဲဆန္ဒနယ်မှ ဦးညွှန့်အောင်နှင့် မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက စွန့်ပစ်အမှိုက်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ချေးငွေဖြင့် မော်လမြိုင်မြို့တွင် ခေတ်မီအမှိုက်သိမ်းဆည်းခြင်းစနစ်နှင့် အမှိုက်ကျင်းတွင် အမှိုက်ဖျက်ဆီးစက်ရုံ တည်ဆောက်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအဆိုသည် အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မအစီအစဉ် (၂၀၁၈-၂၀၃၀) ကို ပြဋ္ဌာန်းအကောင်အထည်မဖော်နိုင်သေးသည့် ကြားကာလအတွက် အရေးကြီးသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေးတွင် ယခုအဆိုနှင့်စပ်လျဉ်း၍ တင်ပြခဲ့ပါကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပလတ်စတစ်အပါအဝင် အမှိုက်များ စနစ်တကျသိမ်းဆည်းစုစည်းစွန့်ပစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်တစ်ရပ် ချမှတ်ဆောင်ရွက်ရန်ဟူ၍ ဗဟိုကော်မတီ၏ ရှေ့လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက်နှင့်အညီ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်ပေးပါရန် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြုပြီး လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၇၂ မဲ၊ ကန့်ကွက်မဲ ၁၇၉ မဲနှင့် ကြားနေမဲ ၂ မဲဖြင့် ကန့်ကွက်မဲများသည့်အတွက် အဆိုအား မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

◉ ကျောဖုံးမှ

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားရာတွင် UNDP မှ ကြီးမှူးပြုလုပ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ စတုတ္ထအကြိမ်ဆွေးနွေးပွဲကာလအတွင်း လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးရန်အတွက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့အစည်းအဝေးကို ဆက်စပ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း) အပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ ပေးပို့လာသည့် အကြံပြုချက်များထဲမှ ကောင်းမွန်သင့်တော်သည့် အချက်များကို ထပ်မံဖြည့်စွက်ပြီး ယခု နောက်ဆုံး(မူကြမ်း)ကို ရေးဆွဲပြုစုထားပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများမှ ဆွေးနွေးအတည်ပြုနိုင်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

## ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

ဆက်လက်ပြီးပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော်ရုံးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများသို့ ICT ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဖြည့်ဆည်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရာတွင် လွှတ်တော်များသည် ကဏ္ဍအလျောက် မှန်ကန်စွာသုံးသပ်ပြီး နယ်မြေဒေသနှင့် ပြည်သူများ၏အကျိုးအတွက် အချင်းချင်းအပြန်အလှန် လေးစားမှုဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။



မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လုပ်ပိုင်ခွင့်နှင့် ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်ထားပြီးဖြစ်၍ အခြားမဏ္ဍိုင်များကို ဝင်ရောက်စွက်ဖက်သည့် ပုံစံမျိုးမဖြစ်ရန် အရေးကြီးပါကြောင်း၊ မဏ္ဍိုင်အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသည့် ပုံစံမျိုးဖြစ်ရန် လိုအပ်ပါကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ အခက်အခဲနှင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် ဂရုပြုဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်က အစည်းအဝေး (၅/၂၀၁၈) ဆုံးဖြတ်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း) တင်ပြခြင်းနှင့် လွှတ်တော်ရေးရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ရေးရာ ကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထွေထွေဆွေးနွေးကြသည်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်နှင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ပထမနေ့ အစီအစဉ်ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ပထမနေ့ ဒုတိယပိုင်း အစီအစဉ်ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။




အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ မည်သည့် ခွဲခြားမှုမျှမရှိဘဲ တစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေးအတွက် သတ်မှတ်ချက်နှင့် ပြည့်စုံသော ကျောင်းများကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပါကြောင်း၊ မူလတန်းအရွယ် ကျောင်းသား ကျောင်းသူများ မူလတန်းပညာသင်ယူပြီးမြောက်ရေး၊ ကျောင်းထွက်နှုန်းလျှော့နည်းရေး၊ အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ရေးကို ဆောင်ရွက်နေပြီး ဆရာ ဆရာမများ၏ အင်္ဂလိပ်စာ အိုင်စီတီကျွမ်းကျင်မှုနှင့် သင်ကြားသင်ယူမှု အရည်အသွေးများမြင့်မားရေး မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသား ကျောင်းသူများကို မတူကွဲပြားမှုများ အပြန်အလှန် နားလည်ရေး၊ လေးစားတန်ဖိုးထား၍ ကူညီဖြည့်ဆည်းဆောင်ရွက်တတ်ရေး၊ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ စာကြည့်တိုက်အသုံးပြု၍ စာများများဖတ်သင်ယူတတ်ရေး၊ အားကစား၊ ဂီတအနုပညာဖွံ့ဖြိုးတက်စေရေး၊ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်ရေး၊ တီထွင်ဆန်းသစ်ဖန်တီးနိုင်စွမ်းရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဆောင်ရွက်တတ်အောင် သင်ကြားသင်ယူလေ့ကျင့်ပေးရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးရဲလင်းမြင့်က **ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်ရေးနှင့် အမှုအခင်းဖြစ်ပေါ်မှုကျဆင်းရေး**စာတမ်း၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ်(တာဝန်) ဒေါက်တာအောင်အောင်မင်းက **လူ့စွမ်းအားအရင်းအမြစ်ရှုထောင့် လေ့လာဆန်းစစ်ခြင်းမှသည် ကျား၊ မရေးရာတန်းတူညီမျှမှုရှိသော ပညာရေးဆီသို့** စာတမ်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းက **ကျောင်းအရည်အသွေးအာမခံမှု စံသတ်မှတ်ချက် အညွှန်းဘောင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး** စာတမ်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ဝင်းစိုးက **သင်ကြားသင်ယူမှု တိုးတက်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများ အကျိုးရှိထိရောက်စွာအသုံးပြုရေး၊ မိဘဆရာအသင်း၊ မိဘများနှင့်ပူးပေါင်းဆောင်ရွက်ရေး** စာတမ်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ခိုင်က **ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စာကြည့်တိုက်ယဉ်ကျေးမှုနှင့် စာဖတ်သည့် အလေ့အထများ ထွန်းကားရေး စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်အောင်ဆောင်ရွက်ရေး**စာတမ်းတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အစုအဖွဲ့ ငါးခုဖြင့် စာတမ်းခေါင်းစဉ်အလိုက် ဆွေးနွေးညှိနှိုင်းကြပြီး ဆွေးနွေးမှုရလဒ်များကို ပြန်လည်ရှင်းလင်းတင်ပြသည်။

၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု လာဘ်ကောင်ရုပ်အဖြစ် ပစ်တိုင်းထောင်ရုပ်အား ရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခမ်းအနားများ၊ ပြပွဲပြိုင်ပွဲများ၊ နိုင်ငံတကာခရီးသွားပြပွဲ ပြိုင်ပွဲများ ကျင်းပရာတွင် အသုံးပြုရန် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု လာဘ်ကောင်ရုပ်အဖြစ် ပစ်တိုင်းထောင်ရုပ်အား ရွေးချယ်ထားကြောင်း သိရသည်။

အဆိုပါ ပစ်တိုင်းထောင်ရုပ်အား သင့်လျော်သည့် ဒီဇိုင်းပုံစံ ရေးဆွဲတင်ပြယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားပြီး ပြိုင်ပွဲဆိုင်ရာ စည်းမျဉ်းများပြိုင်ပွဲဝင်ပုံစံ ပေးပို့ရမည့် စည်းကမ်းချက်များ စိစစ်ရွေးချယ်ခြင်းနှင့် အချိန်ဇယားများကို http://yangon.gov.mm/mascot တွင် ဖော်ပြထားကြောင်း သိရသည်။

"လက်ခံရရှိတဲ့ ပြိုင်ပွဲဝင်ပုံစံတွေကို အများပြည်သူ ဆန္ဒခံယူပြီး ရွေးချယ်သွားမှာပါ။ သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၇ ရက် ညနေ ၃ နာရီမှာ ကျင်းပသွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြိုင်ပွဲဝင်ပုံစံကို ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီနောက်ဆုံးလက်ခံသွားမည်ဖြစ်ပြီး လက်ခံရရှိသည့် ပြိုင်ပွဲဝင်ပုံစံများကို ဒီဇင်ဘာ ၂၆ ရက်တွင် ထုတ်ဖော်ပြသကာ အများပြည်သူဆန္ဒမဲလက်ခံရယူခြင်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီမှ ၃၁ ရက် နံနက် ၁၁ နာရီ ၅၉ မိနစ်အထိ လက်ခံရယူသွား မည်ဖြစ်ပြီး အနိုင်ရရှိသည့် ပြိုင်ပွဲဝင်ပုံစံကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် ကြေညာမည်ဖြစ်ကြောင်း၊ ဆုချီးမြှင့်ခြင်းနှင့် မူပိုင်ခွင့်လွှဲပြောင်းပေးအပ်ခြင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇာနည်မောင်**

# မိုင်းပျဉ်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**မိုင်းပျဉ်း ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းထွန်းစိန်နှင့် တာဝန်ရှိသူများက အရန်မီးသတ်တပ်ဖွဲ့ဝင်များထံ ဂျာကင်အနွေးထည်နှင့် သင်တန်းသားဝတ်စုံများကို ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ပြီး ရက်သတ္တလေးပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# ဆက်သွယ်မှုကွန်ရက် လွှမ်းခြုံနိုင်မှုမရှိသေးသည့် နေရာဒေသများသို့ အဆင့်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ဆက်သွယ်မှုရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၄**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား လေယာဉ်ကွင်းငယ်ဖြစ်မြောက်ရေးနှင့်စပ်လျဉ်း၍ မေးမြန်း

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ခရီးသည် ၁၀ ဦးနှင့်အထက် စီးနင်းလိုက်ပါနိုင်မည့် အသေးစားလေယာဉ်ကွင်းငယ်ဖြစ်မြောက်ရေး၊ လေယာဉ်ခရီးစဉ်ပုံမှန်ပျံသန်းခွင့်ရရှိရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို နိုင်ငံတော်အစိုးရမှ ကြီးကြပ်လမ်းညွှန်ပေးပြီး အောင်မြင်စွာ အကောင်အထည်ဖော်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေယာဉ်ကွင်းငယ်တည်ဆောက်ရေးမှာ မြန်မာနိုင်ငံ၏ Transport Master Plan နှင့် လေကြောင်းဦးစီးဌာန၏ လျာထားစီမံချက်များတွင် မပါဝင်သော်လည်း လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားသည့် မြေနေရာအဆင်သင့်ဖြစ်ခြင်း၊ ကုန်ကျစရိတ်အတွက် အလှူရှင်နှင့် အဖွဲ့အစည်းများရှိခြင်းတို့အပေါ် အခြေခံ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အစီအစဉ်ဖြင့် ခရီးသည် ၁၀ ဦးနှင့်အထက် စီးနင်းလိုက်ပါနိုင်မည့် လေယာဉ်ငယ်များ ဆင်းသက်အသုံးပြုနိုင်ရန် လေယာဉ်ကွင်းငယ်တစ်ခု တည်ဆောက်မည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ဦးစွာညှိနှိုင်းဆွေးနွေးပြီး သက်ဆိုင်ရာအဖွဲ့အစည်းအာဏာပိုင် အဆင့်ဆင့်သို့တင်ပြ၍ လမ်းညွှန်မှုနှင့် သဘောတူခွင့်ပြုချက်များရယူရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ခွင့်ပြုချက်များရရှိပါက လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နည်းပညာနှင့် လေကြောင်းဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အချက်အလက်များပြီးပြည့်စုံသည့်အခါတွင် ဆောင်ရွက်မည့် အစီအမံများနှင့်အတူ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းပန်ဖ၏ **ကယားပြည်နယ် မယ်စဲ့မြို့နယ် နန်းမန်းကျေးရွာအုပ်စု၊ မယ်ဆည်နမ်ကျေးရွာအုပ်စုနှင့် ဟိုဂျစ်ကျေးရွာအုပ်စုသုံးစုတွင် MPT ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များကို တည်ဆောက်ပေးလျက်ရှိသော်လည်း မိုဘိုင်းစခန်းများ တည်ဆောက်ရာတွင် မြေနေရာရရှိနိုင်မှုအခြေအနေ၊ မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုဟ်တု စသည့် အဝေးဆက်သွယ်ရေးဆက်ကြောင်းများ ချိတ်ဆက်နိုင်မှုအခြေအနေ၊ လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ၊ မြေပြင်အနေအထား၊ ဒေသရာသီဥတု အခြေအနေ၊ လွှမ်းခြုံနိုင်မည့် လူဦးရေ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိနိုင်မည့်ဝင်ငွေတို့ကို ထည့်သွင်းတွက်ချက်ရခြင်း စသည်တို့အပေါ်မူတည်၍ တည်ဆောက်ရခြင်းတို့ကြောင့် ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်းရှိ နန်းမန်းကျေးရွာအုပ်စု၊ မယ်ဆည်နမ်ကျေးရွာအုပ်စုနှင့် ဟိုဂျစ်ကျေးရွာအုပ်စုတို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန် လတ်တလောတွင် အစီအစဉ် မရှိသေးပါကြောင်း။

Telenor၊ Ooredoo နှင့် Mytel တို့အနေဖြင့်လည်း အဆိုပါ ကျေးရွာအုပ်စုတို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ သို့ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာများမှ အချိုးကျထည့်ဝင်၍ တည်ထောင်မည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ Universal Service Fund (USF)၏ သတ်မှတ်စည်းမျဉ်းများအရ ဆက်သွယ်မှုကွန်ရက် လွှမ်းခြုံနိုင်မှုမရှိသေးသည့် နေရာဒေသများသို့ အဆင့်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ဆက်သွယ်မှုရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း ရေဘေးကြုံတွေ့ခဲ့ရမှုအပေါ် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး ယင်းဆုံးရှုံးမှုများအား အနာဂတ်တွင် ဖြစ်ပေါ်မှု လျော့နည်းစေရေး၊**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**

**ထိခိုက်မှု အနည်းဆုံး လျှော့ချနိုင်ရေး၊ ရေရှည်စီမံကိန်းများ ရေးဆွဲနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့အားပူးတွဲ၍ အသေးစိတ်ကွင်းဆင်းလေ့လာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဘီးလင်းမြစ်ရေကြီးရေလျှံမှုလျော့ပါးသက်သာစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြန်မာ့မီးရထား၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ လာမည့်သုံးနှစ်အတွင်း ဆောင်ရွက်မည့် ရေတိုအစီအမံများ၏ ခန့်မှန်းကုန်ကျစရိတ်များကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေသို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေရှည်အစီအမံဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်မည့် ရေလှောင်တမံသုံးခုနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် မြစ်ကြောင်းဖြောင့်ခြင်း လုပ်ငန်းများ၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုရန်ပုံငွေသို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရေရှည်တွင် ဘီးလင်းမြို့နယ်အတွင်း ရေဘေးကြုံတွေ့မှုမရှိစေရေး၊ အနာဂတ်တွင် ဖြစ်ပေါ်မှုလျော့နည်းစေရေး၊ ထိခိုက်မှုအနည်းဆုံး လျှော့ချနိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့အပြင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဘီးလင်းမြစ် ရေကြီးရေလျှံမှုလျော့ပါးစေရေး ကော်မတီ၏ဆက်စပ်ဌာနများမှ ရေတိုရေရှည်အစီအမံများ ရေးဆွဲဆောင်ရွက်ထားပြီးဖြစ်ပါ၍ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုးက အဆိုပါ ဥပဒေကြမ်းအားအတည်ပြုရန် အဆိုတင်သွင်းရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ရောင်းဝယ်ဖောက်ကားနေမှု ထိရောက်စွာ အရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အချိန်မီကယ်တင်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေး

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာက **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ သက်ရှိသဘာဝသယံဇာတဖြစ်သော ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်လျက် အများပြည်သူ သတိပြုမှုမြင့်တက်စေရန်နှင့် ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန်အတွက် ထိရောက်စွာ အရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အချိန်မီကယ်တင်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ရှားပါးပြီး မျိုးသုဉ်းလုနီးဖြစ်သည့် တောဆင်ရိုင်းများ ထိရောက်စွာ ကာကွယ်ရာတွင် အထောက်အကူပြုရန်အတွက် မြန်မာ့ဆင်ပြတိုက်အား တိရစ္ဆာန်ဥယျာဉ်တွင် အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ သတ်ဖြတ်ခံဆင်စွယ်၊ ဆင်ရိုး၊ အရေခွံစသည်များကို ဖျက်ဆီးပစ်ခြင်းထက် လူအများသနားကရုဏာပွား၍ စာနာစိတ်ထားနိုင်ရန် အဆိုပါ ပြတိုက်တွင် ပြသထားရန် လိုအပ်ပါကြောင်း၊ ပညာရေးကဏ္ဍသင်ရိုးများတွင် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်၊ သယံဇာတတန်ဖိုးထားသည့် စာပေများကို မူလတန်းမှစ၍ ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားစေလိုပါကြောင်း၊ တောဆင်ရိုင်းသတ်ဖြတ်မှုများသည် ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးဖြစ်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးတွင် ဘေးမဲ့တောတစ်ခုသတ်မှတ်၍ အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ အစိုးရ၏ နိုင်ငံတော်စီးပွားရေးမူဝါဒတွင် သဘာဝသယံဇာတများကို စနစ်တကျ ရေရှည်ထိန်းသိမ်းကာ ဂေဟစနစ်များကို မပျက်စီးစေသည့် စီးပွားရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ခြင်းကို ထိရောက်စွာ လုပ်ကိုင်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးက ဆင်စွယ်များသိမ်းဆည်းမှုများပြားပြီး တရားခံမပေါ်ခြင်းများ၊ ထိရောက်စွာ အရေးယူဆောင်ရွက်မှု အားနည်းခြင်းများသည်လည်း ပြစ်မှုဆိုင်ရာ ရာဇဝတ်မှုများကို ထပ်မံပေါ်ပေါက်လာစေပါကြောင်း၊ သုံးစွဲမှုများရှိနေသရွေ့ သတ်ဖြတ်မှုများရှိနေမည်ဖြစ်ပါကြောင်း၊ ထိရောက်သည့် အရေးယူမှု၊ အပြစ်ပေးမှုများ နိုင်နိုင်နင်းနင်းဖြစ်အောင် မလုပ်နိုင်သရွေ့သတ်ဖြတ်မှုများ ယခုထက် ပိုမိုရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖမ်းဆီးအရေးယူအပြစ်ပေးမှုကို အရှိန်မြှင့်လုပ်ဆောင်ရမည် ဖြစ်သကဲ့သို့ သစ်တောဝန်ထမ်းများကိုလည်း ကောင်းမွန်သည့် လက်နက်များ တပ်ဆင်ပေးသင့်ပါကြောင်း၊ ရေရှည်ထိန်းသိမ်းရန်လိုအပ်သည့် ဆင်အပါအဝင် တောဆင်ရိုင်းများကို တရားမဝင်သတ်ဖြတ်ရောင်းဝယ်နေမှုအား ထိရောက်သော အရေးယူဆောင်ရွက်မှုများ အရှိန်မြှင့်လုပ်ဆောင်ရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၄**
မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)တို့နှင့်ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ Rose Garden Hotel ၌ ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံအမတ်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနယ်ပယ်တွင် ဆောင်ရွက်လျက်ရှိသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် ကော်မရှင်ရုံးဝန်ထမ်းများ တက်ရောက်ကြမည်ဟု သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ချန်းဟောင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ချန်းဟောင်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ အတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ခိုင်မာသည့် ကုန်သွယ်မှုဖြစ်စေရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ပြည်သူများက ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေမှုအခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ချင်းပြည်နယ် တီးတိန်(ဇိုမီး)အဖွဲ့က ချင်းသူရဲကောင်းဘွဲ့ ဂုဏ်ပြုချီးမြှင့်ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ချင်းပြည်နယ် တီးတိန် (ဇိုမီး) အဖွဲ့မှ ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီး Rev. Fr. Joseph Thang Nen Zo Mung ဦးဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံ၍ ချင်းသူရဲကောင်းဘွဲ့ (Gal Hang Pah Tawi Na Award) အား ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။ **(ယာပုံ)**



**တက်ရောက်**

အဆိုပါချင်းသူရဲကောင်းဘွဲ့ပေးအပ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ချင်းပြည်နယ် တီးတိန်(ဇိုမီး)အဖွဲ့မှ ကက်သလစ်ခရစ်ယာန် ဘုန်းတော်ကြီး Rev.Fr. Joseph Thang Nen Zo Mung နှင့်အတူ ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီး Rev. Fr. Thang Muan Lian၊ နှစ်ခြင်းသင်းအုပ်ဆရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်**

ရှေးဦးစွာ ကက်သလစ်ခရစ်ယာန် ဘုန်းတော်ကြီး Rev. Fr. Joseph Thang Nen Zo Mung က ခရစ်စမတ် ဆုမွန်ကောင်းတောင်းစကားပြောကြား၍ ဦးကပ်ခင်းပေါင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချင်းသူရဲကောင်းဘွဲ့ ပေးအပ်မှုဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းလွှာကို ဖတ်ကြားပြီး ချင်းသူရဲကောင်းဘွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပေးအပ်သည်။

ယင်းနောက် ဦးလျန်ခန့်တွေ့ဝင်က ချင်းသူရဲကောင်းအကြောင်းအား ဖတ်ကြားပြီး ဦးခမ်းဆွင်းမုံက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ချင်းသူရဲကောင်းဘွဲ့ အထိမ်းအမှတ်ဓားအား ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ချင်းရိုးရာဓလေ့ထုံးစံ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**ပြန်လည်ပြောကြား**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဘုန်းတော်ကြီး Rev. Fr. Joseph Thang Nen Zo Mung က ချင်းသူရဲကောင်းဘွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပေးအပ်နိုင်သည့်အတွက် များစွာဝမ်းမြောက်ရကြောင်း၊ ယနေ့သည် ချင်းတိုင်းရင်းသားများအတွက် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်သည့်နေ့ဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍများတွင် ပါဝင်ထမ်းဆောင်လျက်ရှိသကဲ့သို့ အမိနိုင်ငံတော်ကို ကာကွယ်ခဲ့သည့် တပ်မတော်သည် ပြည်သူများ၏ လိုလားချက်ဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့လည်း အောင်မြင်စွာ လျှောက်လှမ်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ခြင်းသည် သမိုင်းဝင်ဆောင်ရွက်ချက်တစ်ခု ဖြစ်ပါကြောင်း၊ မိမိတို့ ချင်းတိုင်းရင်းသားများအနေဖြင့် တပ်မတော်နှင့်အတူ အမြဲရပ်တည်ဆောင်ရွက်နေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်ခြင်းသင်းအုပ်ဆရာ Rev. Cin Sian Pau က နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူများအားလုံးအတွက် ဆုမွန်ကောင်းတောင်းစကား ပြောကြားသည်။

**အမြင့်ဆုံးသူရဲကောင်းဘွဲ့**

အဆိုပါ ချင်းသူရဲကောင်းဘွဲ့သည် မြောက်ပိုင်းချင်းတိုင်းရင်းသားများ၏ အမြင့်ဆုံးသူရဲကောင်းဘွဲ့ဖြစ်ပြီး ချင်းသူရဲကောင်းဘွဲ့ ဓားမှာ ချင်းတိုင်းရင်းသားသူရဲကောင်းများ ကိုင်ဆောင်ခဲ့သည့်ဓားနှင့် ပုံစံတူပြုလုပ်ထားခြင်းဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချင်းသူရဲကောင်းဘွဲ့ ပေးအပ်ရခြင်းမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲနေသည့်ကာလတွင် တပ်မတော်မှ မားမားမတ်မတ် ရပ်တည်ပေးခြင်း၊ စနစ်တကျ ထိန်းကျောင်းပေးခြင်းနှင့် တိုင်းပြည်နှင့်လူမျိုးအတွက် ကာကွယ်ပေးခြင်း၊ မိမိတိုင်းပြည်အတွက် မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခြင်း၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော တိုင်းပြည်နှင့်လူမျိုးအတွက် အသက်နှင့်လဲ၍ ကာကွယ်သည့် အရည်အချင်းပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ခြင်း စသည့် အချက်သုံးချက်နှင့် ကိုက်ညီသောကြောင့် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အကြိုဂုဏ်ပြုညစာစားပွဲ ကျင်းပ




ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အကြိုဂုဏ်ပြုညစာစားပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အကြိုညစာစားပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် DW Akademie အာရှနှင့် ဥရောပအကြီးအကဲ Mr. Michael Karhausen တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံအကြို ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H. E. Mr. Ronen Gilor နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အစ္စရေးနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ချစ်ကြည်ရင်းနှီးစွာ သံတမန်ဆက်ဆံရေးဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်နိုင်ရေးတို့အတွက် နည်းပညာနှင့် အရင်းအနှီးများ အထောက်အပံ့ပေးနိုင်ရေး ကိစ္စရပ်များ၊ စက်မှုဝန်ကြီးဌာနရှိ စက်ရုံများနှင့် စီမံကိန်းများ၌ အစ္စရေးနိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့စွာ ဆောင်ရွက်သွားနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆရာနှင့် လူသားအရင်းအမြစ်များ ဗဟိုပြုသင်တန်းကျောင်း တစ်ခုအား အစ္စရေးနိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ရေး၊ ဒီဇိုင်းနှင့် တီထွင်ဖန်တီးမှု သင်တန်းများ၊ သုတေသနနှင့် ဓာတ်ခွဲခန်းများတည်ထောင်ဖွင့်လှစ်ရေး၊ သက်မွေးပညာများကို ရေတိုကာလအတွင်း လက်တွေ့အသုံးချနိုင်ရန် လေ့ကျင့်သင်တန်းပေးရေး၊ ရေရှည်တွင် ဆန်းသစ်တီထွင်မှုများကို ဈေးကွက်နှင့်အညီ ထုတ်လုပ်နိုင်ရေးတို့ကို သင်ကြားပို့ချပေးရေးတို့နှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၂၃) အစည်းအဝေးခန်းမတွင် ကျင်းပရာ **(ယာပုံ)** ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ ညှိနှိုင်းဆွေးနွေးအမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ယခုအစိုးရတာဝန်ယူချိန်မှစတင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများဖြင့် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အကြံပြုချက်များကို ရယူခဲ့ပါကြောင်း၊ ဤအချက်များသည် အစိုးရသစ်၏ ရခိုင်ပြည်နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး ရရှိရန် ပြင်းပြသောဆန္ဒအမှန်ကို ဖော်ပြနေပါကြောင်း၊ ကော်မရှင်၏ အကြံပြုချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ပြည်တွင်းပညာရှင်များပါဝင်၍ အကောင်းဆုံးဆောင်ရွက်နေသည့်အတွက် တိုးတက်မှုများရှိပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်စွာ ဆောင်ရွက်ရန်၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ထမ်းများအား အသိပေးခြင်း၊ အရေးယူခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံအကြောင်းအရာများဖြစ်သည့် နိုင်ငံသားဖြစ်ခွင့်နှင့် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်တို့ကို နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ခွဲခြားဆက်ဆံမှုမရှိဘဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချုပ်အခြာနိုင်ငံတိုင်းတွင် ထုတ်ပြန်ထားသောဥပဒေများ၊ နည်းဥပဒေများကို လေးစားလိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လက်ရှိအချိန်ထိ NVC ကတ်များအား စုစုပေါင်း လူဦးရေ ၁၃၂၁၅ ဦးထုတ်ပေးပြီး ၎င်းတို့အနက် နိုင်ငံသား ၂၇၅ ဦး၊ ပြုနိုင်ငံသား ၄၄၁ ဦးနှင့် ၎င်းတို့၏ကလေးများ ၅၇၆ ဦးအားပြုနိုင်ငံသားအဖြစ် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ နေရပ်စွန့်ခွာသူများအနေဖြင့် ၎င်းတို့၏အနာဂတ်အတွက် National Verification Process မှ တစ်ဆင့် ဆောင်ရွက်နိုင်ရေး တိုက်တွန်းလိုပါကြောင်း၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်မှာလည်း အထောက်အထားတစ်ခုခုပါရှိပါက သွားလာနိုင်ကြောင်း၊ လူ့အသိုက်အဝန်းနှစ်ခုအကြား လူမှုသဟဇာတ မျှတရေးအတွက်လည်း စကားဝိုင်းဆွေးနွေးမှုများ၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစင်တာများမှတစ်ဆင့် ဆောင်ရွက်နေကြောင်း။

ရှိရင်းစွဲ IDP စခန်းများစနစ်တကျ ပိတ်သိမ်းနိုင်ရေး၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာ ချမှတ်ဆောင်ရွက်နိုင်ရေးကိုလည်း ကုလသမဂ္ဂအဖွဲ့အစည်း၊ ကျွမ်းကျင်ပုဂ္ဂိုလ်များဖြင့် ဆွေးနွေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍လည်း ခွဲခြားဆက်ဆံမှုမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး မူဝါဒထားရှိဆောင်ရွက်နေကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း ခွဲခြားမှုမရှိဘဲ ဆောင်ရွက်နိုင်ရန် Red Cross Movement (RCM) ဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ WFP စသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပြင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ASEAN Coordinating Centre for Humanitarian Assistance on Disaster Management – AHA Centre တို့မှ ပူးပေါင်းပါဝင်ရန်အတွက် စတင်ဆောင်ရွက်နေကြောင်း။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းများကို ဆောင်ရွက်ရန်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေး၊ Cash for Work Program များ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် စေတနာအမှန်ရှိသူ မည်သူနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများဘက်မှ United Nations Resident and Humanitarian Coordinator, Mr. Knut Ostby က ဦးဆောင်ဆွေးနွေးရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များမှာ မူဝါဒလမ်းညွှန်အဖြစ် တည်ရှိနေပါကြောင်း၊ မြန်မာအစိုးရ၏ ဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ အကြံပြုချက်များ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်အား ရေးဆွဲဆောင်ရွက်နိုင်မည်ဆိုပါက လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ ညှိနှိုင်းအစည်းအဝေးကိုလည်း ဆက်လက်ပြုလုပ်စေလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များမှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း။

လုံခြုံရေး၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ IDP စခန်းများ ပိတ်သိမ်းရေးနှင့် လူမှုသဟဇာတမျှတရေးတို့မှာ အလွန်အရေးပါသည့် ကိစ္စရပ်များဖြစ်ပြီး အောက်ခြေအဆင့်ထိ ပြောင်းလဲမှုများရှိစေရေး၊ ဆောင်ရွက်နေမှုများကို သိရှိရပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် ကြက်ခြေနီလှုပ်ရှားမှု၊ အာဆီယံနိုင်ငံများနှင့် AHA Centre တို့ ပူးပေါင်းပါဝင်မှုများကို ကြိုဆိုပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဌာနေကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများက အသီးသီးအကြံပြု ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဝင် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် ယခုလို အချိန်ပေးတက်ရောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်လိုသည့် ဆန္ဒရှိကြသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ယနေ့ဆွေးနွေးခဲ့သည့် အချက်များကို မှတ်တမ်းတင်ပြီး အပြုသဘောဖြင့် ဆွေးနွေးချက်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းတွင် နိုင်ငံတော်၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများရှိပါကြောင်း။

ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူမှုသဟဇာတဖြစ်ရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ ပေါ်ထွက်လာစေရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် (ကိုဖီအာနန်ကော်မရှင်)ကို အစိုးရက ဖွဲ့စည်းအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ရာ ထိုအကြံပြုချက်များကိုအလေးထားကြောင်း၊ အကြံပြုချက်ဆိုသည်မှာ အကြံပြုချက်သာဖြစ်၍ မြေပြင်အခြေအနေအရ လက်တွေ့အကောင်အထည်ဖော်ရန် ဖြစ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး ပြောင်းလဲမှုအမှန်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# (၁၆)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

(၁၆)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View Resort ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ရဲအရာရှိကြီးများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးနှင့် ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. An Guojun နှင့်ကိုယ်စားလှယ် ရှစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၅၂ ဦး တက်ရောက်ခဲ့သည်။

**ဆွေးနွေး**

ယင်းနောက် အစည်းအဝေးအား ဆက်လက်ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. An Guojun နှင့် ကိုယ်စားလှယ်အဖွဲ့တို့က မြန်မာ-တရုတ် နှစ်နိုင်ငံ လက်ရှိမူးယစ်ဆေးဝါး ပြဿနာများအခြေအနေ၊ (၁၅) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် နယ်စပ်ဆက်ဆံရေးရုံးများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပရီကာဆာဓာတုပစ္စည်းများ ပူးပေါင်းထိန်းချုပ်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပို့ကုန်ကနေရရှိတဲ့ငွေအရ အခြားကဏ္ဍအသီးသီးမှရရှိတဲ့ နိုင်ငံခြားငွေစုစုပေါင်းသွင်းကုန်နဲ့အခြားကဏ္ဍတွေအတွက် ပေးချေလိုက်တဲ့ ငွေစုစုပေါင်းထက်ပိုမှသာလျှင် ကျွန်တော်တို့နိုင်ငံရဲ့ငွေတန်ဖိုး ပိုမိုခိုင်မာလာမှာဖြစ်ပါတယ်

မန်နေဂျင်းဒါရိုက်တာ ဦးသန်းထိုက်လွင်

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီးပွားရေးစကားဝိုင်း ကျင်းပ

ရေး-ဇော်ကြီး
ဓာတ်ပုံ-ဖေဇော်

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်သော စီးပွားရေးစကားဝိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

**အဆိုပါစီးပွားရေးစကားဝိုင်းတွင် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ဇော်၊ United Paints Group of Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်၊ Proven Group of Co., မန်နေဂျင်းဒါရိုက်တာ ဦးသန်းထိုက်လွင်တို့က နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်နေမှုများ၊ ကောက်ခံသည့်အခွန်အမျိုးအစားနှင့် တစ်နှစ်အတွင်းကောက်ခံရရှိသော အခွန်ငွေပမာဏ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အကောက်ခွန်ဦးစီးဌာနမှပါဝင်သည့် အခန်းကဏ္ဍ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဆောင်ရွက်နေမှုများ၊ SMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သွင်းကုန်အစားထိုးရေးတို့အတွက် ကြုံတွေ့နေရသော အခက်အခဲများနှင့် အကြံပြုချက်များ၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအပေါ် ဆွေးနွေးကြသည်။**


ဒေါ်ခိုင်ခိုင်နွယ်


ဒေါက်တာအောင်ဇော်


ဦးအေးဟန်


ဦးသန်းထိုက်လွင်

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။ ။ဆက်လက်ပြီး ဦးသန်းထိုက်လွင်က စီးပွားရေး လုပ်ငန်းရှင်တစ်ဦးအနေနဲ့ လုပ်ငန်းအခြေအနေလေး ပြောပြပေးစေလိုပါတယ်။**

**ဦးသန်းထိုက်လွင်။** ။ကျွန်တော်တို့ရဲ့ Battery ထုတ်လုပ်ရေးလုပ်ငန်းအနေနဲ့ ဘက်ထရီပလိပ်ပြား ထုတ်လုပ်တဲ့ လုပ်ငန်းတွေကနေ တစ်ဆင့်မြှင့်ပြီး မော်တော်ကား၊ မော်တော်ဆိုင်ကယ်တွေမှာ အသုံးပြုလို့ရတဲ့ TOYO Battery နဲ့ LION Battery ကို ၁၉၉၆ ခုနှစ်ကနေ စတင်ထုတ်လုပ်ခဲ့ပါတယ်။ ဒါ့အပြင် ဘက်ထရီအိုးအဟောင်းမှ ခဲကျိုချက်သန့်စင်တဲ့လုပ်ငန်းနဲ့ ပလတ်စတစ်လုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ခဲ့တာဖြစ်ပြီး အလုပ်သမား ၁၀၀၀ ကျော်နဲ့လည်ပတ်နေတဲ့ စက်မှုလုပ်ငန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ပြည်ပနိုင်ငံတွေအတွက် ဘက်ထရီနဲ့ အသင့်သုံးရန် ပလိပ်ပြားအပြင် သန့်စင်ပြီးခဲချောတွေကိုလည်း တင်ပို့ရောင်းချလျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ပြည်တွင်းထုတ်လုပ်ရေး လုပ်ငန်းရှင်ဖြစ်တဲ့ ဦးအေးဟန်ကလည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး topic တစ်ခုနဲ့ ပါဝင်ဆွေးနွေးစေလိုပါတယ်။**

**ဦးအေးဟန်။** ။ကျွန်တော်က ဒီနေ့စကားဝိုင်းမှာ SMEs Development နဲ့ သွင်းကုန်အစားထိုးရေးနဲ့ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ နည်းပညာသုတေသနတွေမှာ နောက်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ စီးပွားရေးလုပ်ငန်းတွေလည်ပတ်ရန်လိုအပ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့လိုအပ်သလို အချိန်တိုအတွင်း ပုဂ္ဂလိကကဏ္ဍမှာ လက်ရှိလုပ်ကိုင်နေတဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို အားပေးတာ၊ မြေတောင်မြှောက်ပေးတာမျိုးလုပ်ပေးရင် နိုင်ငံရဲ့အသားတင်ထုတ်ကုန်တန်ဖိုးတွေ မြင့်တက်လာမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် စီးပွားရေးနယ်ပယ်တွေ အောင်မြင်မှု၊ တိုးတက်မှုတွေရရှိဖို့ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကကဏ္ဍတွေကို အားပေးကူညီဖို့ အထူးလိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့နိုင်ငံဟာ နိုင်ငံရပ်ခြား ကုန်ချောပစ္စည်းတွေကို ကုန်သွယ်မှုလုပ်ငန်းနဲ့ ပြည်တွင်းဖြန့်ဖြူးရေးလုပ်ငန်းကိုသာ အဓိကအားထားကြတယ်။ သုံးစွဲသူတွေကလည်း နိုင်ငံရပ်ခြားကုန်ပစ္စည်းတွေသုံးစွဲမှုအပေါ် မွေ့လျော်တဲ့အလေ့အကျင့်နဲ့ ရပ်တည်နေပါတယ်။

ဒါကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေမြှင့်တင်ခြင်း၊ သွင်းကုန်အစားထိုးခြင်း (Import Substitution)၊ ပို့ကုန်မြှင့်တင်ခြင်း (Export Promotion) ဆောင်ရွက်မှသာ ပြည်တွင်းစီးပွားရေးခိုင်မာစွာ ရပ်တည်နိုင်မယ်။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ ရေရှည်ဝင်ငွေရလမ်းတွေ ဖြစ်ပေါ်နိုင်မှာဖြစ်လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။

**အစီအစဉ်မှူး။ ။ထုတ်လုပ်တဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကိုလည်း ဆက်လက်ဆွေးနွေးပေးစေလိုပါတယ်။ ပထမဦးဆုံး ဒေါက်တာအောင်ဇော်က ပြောပြပေးပါ။**

**ဒေါက်တာအောင်ဇော်။** ။ကျွန်တော် ပြည်တွင်းဆေးဝါး ထုတ်လုပ်သူများအနေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲအနေနဲ့က နှစ်ပိုင်းရှိပါတယ်။ ပထမပိုင်းအနေနဲ့ အခွန်နဲ့ပတ်သက်ပြီး နိုင်ငံအတွင်းကို တင်သွင်းနေတဲ့ ဆေးဝါးကုန်ကြမ်း၊ ဓာတ်ခွဲခန်းသုံး Reagent နဲ့ ဆေးဝါးထုပ်ပိုးပစ္စည်းတွေကို Customs Duty သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ ပေးဆောင်နေရချိန်မှာ နိုင်ငံအတွင်းကို ပြည်ပကတင်သွင်းနေတဲ့ ဆေးဝါးကုန်ချောတွေမှာ အကောက်ခွန်အနေနဲ့ အချို့ပစ္စည်းတွေက ကင်းလွတ်ခွင့်ရရှိပြီးဖြစ်ပါတယ်။ အချို့ဆေးဝါးတွေမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိနေတဲ့အတွက် ထုတ်လုပ်မှုနဲ့ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းလျက်ရှိပါတယ်။ နိုင်ငံတကာစံနှုန်းတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် အခြားနိုင်ငံတွေမှာ ပြည်တွင်းထုတ်လုပ်မှုကို ပိုမိုအားပေးတဲ့အနေနဲ့ ကုန်ကြမ်းတွေတင်သွင်းရင် အခွန်ကင်းလွတ်ခွင့်ပေးပြီး ပြည်တွင်းမှာ ထုတ်လုပ်နိုင်ပြီဖြစ်တဲ့ ကုန်ချောတွေတင်သွင်းရင် အခွန်ရာခိုင်နှုန်း ပိုမိုတိုးမြှင့်တောင်းခံနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဆေးဝါးကုန်ကြမ်းအပါအဝင် အခြားကုန်ကြမ်းတွေကို အခွန်နှုန်းထားလျှော့ချပြီး ကုန်ချောတွေကို အခွန်နှုန်း တိုးမြှင့်ကောက်ခံသင့်ပါတယ်။

နောက်တစ်ပိုင်းဖြစ်တဲ့ မူဝါဒအပိုင်းမှာကြုံတွေ့နေရတဲ့ အခက်အခဲတွေက ပြည်တွင်းမှာ ထုတ်လုပ်နေတဲ့ဆေးဝါးတွေကိုသာ ဦးစားပေးဝယ်ယူရမယ်ဆိုတဲ့ ဝယ်ယူရေး မူဝါဒမရှိပါဘူး။ အခြားနိုင်ငံတွေမှာ သတ်မှတ်ထားသလိုမျိုး တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရင် ဈေးနှုန်းတူညီတာမျိုး ဒါမှမဟုတ် သတ်မှတ်ထားတဲ့ရာခိုင်နှုန်း (Preference margin) အတွင်း ဈေးပိုနေတာတွေရှိရင် ပြည်တွင်းထုတ်ဆေးဝါးကိုသာ ဝယ်ယူတာမျိုးမရှိကြပါဘူး။

ပြည်တွင်းမှာ ထုတ်လုပ်နိုင်ပြီဖြစ်တဲ့ဆေးဝါးတွေနဲ့ အလားတူ ဆေးဝါးတွေကိုပြည်ပကနေ တင်သွင်းမှုအရေအတွက် လျှော့ချကန့်သတ်တာမျိုးမရှိဘူး။ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ပြီဖြစ်တဲ့ ဆေးဝါးတွေနဲ့ အလားတူတဲ့ ပြည်ပနိုင်ငံထုတ်ဆေးဝါးတွေရဲ့ ဆေးဝါးမှတ်ပုံတင်လိုင်စင်ကိုလည်း ကန့်သတ်တာမျိုး ဒါမှမဟုတ် ရပ်ဆိုင်းတာမျိုးစတဲ့ထိန်းချုပ်မှုတွေမရှိတဲ့အတွက် ပြည်တွင်းဆေးဝါးထုတ်လုပ်မှုမှာ အခက်အခဲများစွာရှိနေပါတယ်။ **စာမျက်နှာ ၁၁ သို့** ❖






# အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပခဲ့သည့် (၅၄) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာကွန်ဖရင့်/ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် (၃၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ဝင်များ အစည်းအဝေးများ (The 54th SEACEN Governors-Conference/ High-Level Seminar and 38th Meeting of the SEACEN Board of Governors)သို့ တက်ရောက်ခဲ့သည်။

အဆိုပါ ကွန်ဖရင့်နှင့် အစည်းအဝေးများ၌ တိုးတက်လာသော နည်းပညာဆိုင်ရာ ပြောင်းလဲမှုများနှင့် အနာဂတ်တွင် ငွေကြေးထုတ်ဝေမှုအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှုများ၊ ထွန်းသစ်စဈေးကွက်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့ရသည့် ငွေကြေးဖောင်းပွမှုအပေါ် အကျိုးသက်ရောက်သည့် အချက်များ၊ တံခါးဖွင့်ဝါဒ ကျင့်သုံးသည့် နိုင်ငံငယ်များတွင် တွေ့ကြုံရသည့် မူဝါဒဆိုင်ရာစိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများနှင့် ပတ်သက်၍ အပိုင်းသုံးပိုင်းကို ဒေသတွင်း အတွေ့အကြုံများဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

၂၀၁၉ ခုနှစ်အတွက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်၏ သဘာပတိအဖြစ် သီရိလင်္ကာ ဗဟိုဘဏ်ဥက္ကဋ္ဌ Dr. Indrajit Coomaraswamy အား ရွေးချယ်ခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




❖ စာမျက်နှာ ၁၀ မှ

**အစီအစဉ်မှူး။ ။ဆက်လက်ပြီး ဦးသန်းထိုက်လွင်အနေနဲ့ လုပ်ငန်းပိုင်းဆိုင်ရာမှာ ဘယ်လိုမျိုး ကြုံတွေ့နေရလဲ၊ အစိုးရပိုင်းဆိုင်ရာတွေအနေနဲ့ ဘယ်လိုတွေဆောင်ရွက်သင့်လဲဆိုတဲ့ အမြင်လေးကို ဆွေးနွေးပေးပါဦး။**

**ဦးသန်းထိုက်လွင်။** ။ကျွန်တော်တို့ပြည်သူပြည်သားတွေဟာ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖို့အတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဟာ တစ်ထောင့်တစ်နေရာကနေ အရေးပါပါတယ်။ ပို့ကုန်ကနေရရှိတဲ့ငွေအရ အခြားကဏ္ဍအသီးသီးမှရရှိတဲ့ နိုင်ငံခြားငွေ စုစုပေါင်းသွင်းကုန်နဲ့ အခြားကဏ္ဍတွေအတွက် ပေးချေလိုက်တဲ့ငွေစုစုပေါင်းထက်ပိုမှသာလျှင် ကျွန်တော်တို့ နိုင်ငံရဲ့ငွေတန်ဖိုး ပိုမိုခိုင်မာလာမှာဖြစ်ပါတယ်။

နိုင်ငံတကာမှာ ပြည်တွင်းက ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေကို ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ကုန်ချောအပေါ်မှာကောက်ခံတဲ့နှုန်းထားဟာ ကုန်ကြမ်းအပေါ်တွင်ကောက်ခံတဲ့နှုန်းထားထက် ပိုနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကုန်ကြမ်းနဲ့ ကုန်ချောအပေါ်မှာ ကောက်ခံတဲ့နှုန်းထားတွေကို ခွဲခြားသတ်မှတ်သင့်ပါတယ်။

အကောက်ခွန်နှုန်းထားတွေနဲ့အတူ Non-Tariff Barriers နှုန်းထားတွေကိုလည်း ကဏ္ဍအလိုက် သင့်တော်သလို ဖော်ဆောင်သင့်ပါတယ်။ နိုင်ငံတကာမှာသူတို့ရဲ့ သွင်းကုန်ပစ္စည်းတွေကို သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေပြည့်မီမှသာ တင်သွင်းခွင့်ရရှိပါတယ်။ ထိုနည်းအတူပဲ မြန်မာနိုင်ငံရဲ့ စံချိန်စံညွှန်းများကိုလည်း ကဏ္ဍအလိုက် အမြန်ဆုံး သတ်မှတ်ကျင့်သုံးသင့်တယ်။ တစ်ပြိုင်တည်းမှာပဲ ဓာတ်ခွဲခန်းတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အသင်း အဖွဲ့တွေပူးပေါင်းပြီး တည်ထောင်သွားသင့်ပါတယ်။ နယ်စပ်ဒေသဖြစ်တဲ့ ကုန်သွယ်ရေးဂိတ်တွေမှာလည်း အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။

ကျွန်တော်တို့ရဲ့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်ကနေ ကြိုးစားဆောင်ရွက်နေတဲ့ အချိန်ဖြစ်ပါတယ်။ အခုလိုယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်နေရတဲ့အချိန်မှာ ကုန်ချောပစ္စည်းတွေကို အခွန်နှုန်းထား Zero ရာခိုင်နှုန်းအဖြစ် တင်သွင်းလာနိုင်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေဟာ ရင်းနှီးမြှုပ်နှံမှုအစား Risk နည်းတဲ့ ကုန်ချောတွေတင်သွင်းရောင်းချခြင်းမျိုးကိုသာ ပြုလုပ်လာတာ တွေ့ရပါတယ်။

ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေသာမက ကမ္ဘာ့ထိပ်သီးစီးပွားရေးနိုင်ငံတွေမှာ ရေရှည်ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ထိန်းသိမ်းနိုင်ဖို့အတွက် သီးခြားအခွန်တွေ၊ Special Taxation တွေနဲ့ သတ်မှတ်ကောက်ခံတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာဆိုရင် အခြားနိုင်ငံတွေနဲ့ယှဉ်ရင် အခွန်နှုန်းထားတွေက အင်မတန်နည်းနေတာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကလည်း ကဏ္ဍအလိုက် ပြည်ပမှတင်သွင်းလာတဲ့ ကုန်ချောပစ္စည်းတွေကို ထိုက်သင့်တဲ့ National Tariff တွေ ချမှတ်ကောက်ခံသွားသင့်ပါတယ်။

အခွန်နှုန်းထား ကွာဟပြီးနည်းနေတာကြောင့် ကျွန်တော်တို့ကလည်း ကဏ္ဍအလိုက် ပြည်ပမှ တင်သွင်းလာတဲ့ ကုန်ချောပစ္စည်းတွေကို ထိုက်သင့်တဲ့ထုပ်ပိုးပစ္စည်းပေါ်မှာဖော်ပြတဲ့ အညွှန်းစာသားများ သတ်မှတ်ခြင်း၊ ရာသီအလိုက်တင်သွင်းခွင့်ပြုတဲ့ ပမာဏသတ်မှတ်ခြင်း၊ အနည်းဆုံးသွင်းကုန်အပေါ်မှာ သတ်မှတ်တန်ဖိုးထားရှိခြင်း၊ နိုင်ငံအတွင်းထုတ်လုပ်နိုင်မှုအပေါ် ရည်ရွယ်ပြီး Quota သတ်မှတ်တင်သွင်းလာတဲ့ပစ္စည်းတွေကို အခွန်နှုန်းတစ်မျိုးသတ်မှတ်ခြင်း၊ Quota ကျော်လွန်တဲ့ ပစ္စည်းတွေကို သီးခြားအခွန်နှုန်းသတ်မှတ်ခြင်း၊ နိုင်ငံတော်အနေနဲ့ ပြည်တွင်းဖြစ်နဲ့ SMEs လုပ်ငန်းတွေမှာ အမျိုးအစားတစ်ခုကို ဦးစားပေးဝယ်ယူခြင်း၊ Anti-dumping နဲ့ Countervailing duty policy တွေသတ်မှတ်ခြင်း အစရှိတာတွေကို ဖော်ဆောင်သွားသင့်ပါတယ်။

**အစီအစဉ်မှူး။ ။ဦးအေးဟန်အနေနဲ့ကရော အခုပြောဆိုနေတဲ့ အကြောင်းအရာတွေနဲ့ဆက်စပ်ပြီး အမြင်လေးကိုလည်းဆွေးနွေးပေးပါဦး။**

**ဦးအေးဟန်။** ။ကျွန်တော့်အနေနဲ့က ပြည်တွင်းထုတ်လုပ်ရေး လုပ်ငန်းတွေကိုယ်စားအနေနဲ့ ပြည်ပက တင်သွင်းတဲ့ ကုန်ချောတွေနဲ့ ယှဉ်ပြိုင်နိုင်ရေးနဲ့ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ပြည်တွင်းသွင်းကုန်အစားထိုး လုပ်ကိုင်နေတဲ့ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်တွေဟာ ထုတ်ကုန်မျိုးစုံကို ပြည်တွင်းဈေးကွက်ရရှိဖို့အတွက် အခက်အခဲမျိုးစုံနဲ့ လှုပ်ရှားရုန်းကန်ရပ်တည်နေကြရတယ်။ ဒေသတွင်းနိုင်ငံတွေကို ခြေဦးမလှည့်နိုင်ကြတာကို တွေ့ရှိရပါတယ်။ နိုင်ငံခြားကနေတင်သွင်းလာတဲ့ကုန်ချောအမျိုးမျိုးကို ခံစစ်နဲ့ တွန်းလှန်နေကြရပါတယ်။ နိုင်ငံခြားကတင်သွင်းတဲ့ ကုန်ချောအမျိုးမျိုးတွေကလည်း ပြည်တွင်းဈေးကွက်ကို ဖွဲ့ယူနေကြတယ်။

မြန်မာပြည်က သုံးစွဲသူတွေကလည်း နိုင်ငံခြားပစ္စည်းတွေကိုပဲ ဈေးကြီးပေးသုံးစွဲကြတာကြောင့် Made in Myanmar ထုတ်ကုန်တွေ ဈေးကွက်တွင်မျက်နှာငယ်ကြရပါတယ်။ ကျွန်တော်တို့ပြည်တွင်းမှာ Value added သွင်းကုန်အစားထိုးထုတ်လုပ်တဲ့ စက်ရုံတွေအတွက် သွင်းကုန်အစားထိုး ထုတ်ကုန်တွေဦးမော့နိုင်ဖို့နဲ့ ပြည်ပသွင်းကုန်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် လိုအပ်ချက်တွေထဲက ပြည်ပကနေတင်သွင်းတဲ့ စက်မှုကုန်ကြမ်းတွေ၊ အသုံးပြုမယ့်စက်တွေ၊ အထောက်အကူပြုယန္တရားတွေ တင်သွင်းလာတာမျိုးအပေါ် Import Customs Duty အကောက်ခွန် ကင်းလွတ်ခွင့်ပြုတာမျိုးနဲ့ အကောက်အခွန်နှုန်း လျှော့ပေါ့တာမျိုး၊ ပြည်တွင်းမှာ အရည်အသွေးမီထုတ်လုပ်နိုင်တဲ့ ထုတ်ကုန်တွေနဲ့အလားတူ ပြည်ပသွင်းကုန်တွေကို အကောက်ခွန်နှုန်းမြှင့်တင်ပေးခြင်းဖြင့် ပြည်တွင်းသွင်းကုန်အစားထိုး ထုတ်ကုန်တွေကို အားပေးဖို့ဆောင်ရွက်သင့်တယ်လို့မြင်ပါတယ်။

**အစီအစဉ်မှူး။ ။အခု ဆွေးနွေးသွားတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး UMFCCI အနေနဲ့လည်း အမြင်လေးကို ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါ်ခိုင်ခိုင်နွယ်။** ။ဦးအေးဟန် ဆွေးနွေးသွားတဲ့ Made in Myanmar ပေါ့နော်၊ ကျွန်မတို့ကုန်သည်/စက်မှုချုပ်အသင်းချုပ်က ညီနောင်အသင်း ၇၆ သင်းရှိတယ်။ အဲ့ဒီမှာ ကျွန်မတို့ရဲ့ ညီနောင်အသင်းဖြစ်တဲ့ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှု ထုတ်ကုန်အသင်းတွေထဲမှာ လက်ခစားလုပ်ငန်းတွေ လုပ်ကိုင်ရတာရှိတယ်။ နိုင်ငံတော်ကလည်း အလုပ်အကိုင်အခွင့်အလမ်းကို အများကြီးဖန်တီး ပေးထားတာရှိတော့ ကျွန်မတို့လုပ်ငန်းကို အားပေးတယ်။ Made in Myanmar က ကျွန်မတို့ အတွက် ဂုဏ်ရှိတယ်၊ ကျွန်မတို့အနေနဲ့ လက်ခစားလုပ်ငန်းကနေ တန်ဖိုးမြင့် ပို့ကုန်ထုတ်တဲ့လုပ်ငန်းကို နိုင်ငံတော်ကလည်း အားပေးပါတယ်။

ကျွန်မတို့ကလည်း ပြောင်းချင်နေတယ်။ ပြောင်းဖို့ကြိုးစားနေပါတယ်၊ အများကြီး လုပ်ကြရဦးမှာပါ။ CMP ကနေ FOB ပြောင်းမယ်ဆိုရင် အကောက်ခွန်ပေါ့၊ ပစ္စည်းသွင်းလာတဲ့အခါမှာ သွင်းလာတဲ့ပစ္စည်းက Re Export ပြန်လုပ်တဲ့အတွက် အကောက်ခွန်ပေးစရာမလိုဘူး။ ဒါပေမယ့်လည်း FOB လုပ်တယ်ဆိုရင် သွင်းလာတဲ့အချိန်မှာ အကောက်ခွန် အရင်ပေးရမယ်၊ ပြီးရင်ထုတ်လုပ်မယ်၊ ပြီးလို့ရှိရင် Export လုပ်တဲ့အခါမှာ ဒါကိုပြန်လျှောက်ပြီး ပြန်ပြီးတော့ အကောက်ခွန်ပြန်ရမှာပါ။ အဲဒီလို လုပ်ငန်းစဉ်ကိုဖြစ်နိုင်ရင် ပိုလွယ်ကူအောင် ဘယ်လိုနည်းရှိလဲဆိုတာ စဉ်းစားစေချင်တယ်။ အခုဆိုရင် ကျွန်မတို့ရဲ့ CMP လုပ်ငန်းက အထည်ချုပ်ရှိတယ်။ ဖိနပ်၊ ဆံပင်တုရှိတယ်။ ဒါတွေအကုန်လုံးက ကျွန်မတို့နိုင်ငံရဲ့ အလုပ်အကိုင် ဖန်တီးမှုက အားလုံးဆိုရင် ခြောက်သိန်းကျော်လောက်ရှိတယ်။ နိုင်ငံ့ဝင်ငွေဆိုလည်း စုစုပေါင်း အမေရိကန် ဒေါ်လာ ၃ ဘီလီယံလောက်ရှိတယ်။ ဒါပေမယ့် ဒါတွေဟာ ကျွန်မတို့ရဲ့ ဝင်ငွေမဟုတ်ဘူး၊ ကျွန်မတို့က ဒီဟာရဲ့ ၁၀ ရာခိုင်နှုန်းလောက်ပဲ ဝင်ငွေရတယ်။ တကယ်လို့များ ကျွန်မတို့ဟာ FOB ပြောင်းနိုင်ခဲ့ရင် ဒေါ်လာ ၃ ဘီလီယံက ကျွန်မတို့နိုင်ငံရဲ့ဝင်ငွေဖြစ်သွားမှာပါ။

ကျွန်မတို့အနေနဲ့ အခုလက်ရှိ CMP စနစ်ကနေ FOB စနစ်ကိုတစ်ဆင့်တက်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ညွှန်ချုပ်ကြီး ဆွေးနွေးသွားတဲ့ Dry Port၊ Bonded Warehouse စနစ်တွေလည်း အကောင်အထည်ဖော်လာနိုင်ခဲ့ရင် ကျွန်မတို့လုပ်ငန်းပိုင်းတွေမှာ အလွန်ကို အဆင်ပြေမယ့်စနစ်တွေ ဖြစ်လာမယ်လို့ မျှော်လင့်တဲ့အတွက် အမြန်ဆုံးအကောင်အထည်ဖော်ဖို့လည်း တိုက်တွန်းလိုပါတယ်။ ပြီးတော့ ကျွန်မတို့ဆောင်ရွက်မယ့် FOB စနစ်နဲ့ တင်သွင်းလာတဲ့အခါကျရင်လည်း အခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းပြီး ပြန်လည်တင်ပို့ခွင့်ပြုပေးနိုင်မယ့် စီမံချက်တစ်ခုကို ရှာဖွေပေးစေလိုပါတယ်။ ဆိပ်ကမ်းထုတ်လုပ်မှုအပိုင်းမှာလည်း ကြန့်ကြာမှုမရှိစေရေးကိုလည်း ဆောင်ရွက်ပေးဖို့အတွက် ကျွန်မအနေနဲ့ တင်ပြလိုပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**



# ပြင်သစ်နိုင်ငံတွင် လောင်စာဆီအပေါ် အခွန်တိုးမြှင့်ကောက်ခံမည့် အစီအစဉ်ဆိုင်းငံ့မည်



**ပါရီ ဒီဇင်ဘာ ၄**

ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝပ်ဖိလစ်အနေဖြင့် လာမည့်လတွင် စတင်မည့် လောင်စာဆီအပေါ် အခွန်တိုးမြှင့်ကောက်ခံမည့် အစီအစဉ်အား ဆိုင်းငံ့ထားမည်ဟု ထုတ်ပြန်ကြေညာရန် မျှော်လင့်ရကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

လောင်စာဆီအပေါ် အခွန်တိုးမြှင့်ကောက်ခံမည့် အစီအစဉ်အား ပြင်သစ်နိုင်ငံတစ်ဝန်းလုံးတွင် ဆန့်ကျင်ဆန္ဒပြမှုများ မကြာသေးမီက ဖြစ်ပေါ်လာပြီးနောက် ယင်းအစီအစဉ်အား ဆိုင်းငံ့ထားရန် လုပ်ဆောင်မှုများ ပြုလုပ်လာခြင်းဖြစ်သည်။

ပြင်သစ်အစိုးရက လောင်စာဆီအပေါ် အခွန်တိုးမြှင့်ကောက်ခံမည့်အစီအစဉ်ကို ဆိုင်းငံ့ထားမည်ဟု ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ဆုံးဖြတ်ခဲ့ကြောင်း ပြင်သစ်သတင်းမီဒီယာများက သတင်းဖော်ပြခဲ့သည်။

ပြင်သစ်ဝန်ကြီးချုပ်သည် လောင်စာဆီအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုအစီအစဉ်အား ဆိုင်းငံ့သည့် တရားဝင်ကြေညာချက် ထုတ်ပြန်ခြင်းမပြုမီတွင် အာဏာရပါတီမှ ဥပဒေပြုလွှတ်တော်အမတ်များနှင့် တွေ့ဆုံမည်ဟု မျှော်လင့်ရသည်။ ၎င်းသည် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး လတ်တလော အခြေအနေအား အဖြေရှာရေးနည်းလမ်းများကို စူးစမ်းရှာဖွေခဲ့ပြီးဖြစ်သည်။

မြို့တော်ပါရီတွင် ဒီဇင်ဘာ ၁ ရက်က ဆန္ဒပြသမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူ ၁၃၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မာခရွန်က ၎င်း၏ မူဝါဒများထဲတွင် ထိပ်တန်းဦးစားပေးမှုတစ်ခုဖြစ်သည့် ကမ္ဘာမြေပူနွေးလာမှုဖြစ်စဉ်အား ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် လောင်စာဆီအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဂါဇာကမ်းမြောင်မြောက်ဘက်ပိုင်း၌ ပါလက်စတိုင်းနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်ပွား၊ ပါလက်စတိုင်းလေးဦး ဒဏ်ရာရ

**ဂါဇာစီးတီး ဒီဇင်ဘာ ၄**

ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ အစ္စရေးနယ်စပ်အနီး၌ ဒီဇင်ဘာ ၃ ရက် ညနေပိုင်းက ဖြစ်ပွားသော တိုက်ခိုက်မှုတွင် အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုးလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် ဒဏ်ရာအသင့်အတင့်ရရှိသူ လေးဦးအား ဂါဇာကမ်းမြောင်မြောက်ဘက်ပိုင်းရှိ ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာရှက်အယ်လ်ကေဒရာက သတင်းထောက်များအား ပြောကြားသည်။

ဂါဇာကမ်းမြောင်နယ်ခြားဒေသ၌ တပ်စွဲထားသည့် အစ္စရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒါဇင်များစွာသော ပါလက်စတိုင်းများမှာ အသက်ရှူကျပ်သည့် ဝေဒနာခံစားခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ယခုနှစ် မတ် ၃၀ ရက်က စတင်ခဲ့သော ပါလက်စတိုင်းတို့၏ မဟာနောက်ကြောင်းပြန်ချီတက်ခြင်း အမည်ရှိ အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြလှုပ်ရှားမှုများကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ပြုလုပ်ခဲ့ပြီး ယင်းဆန္ဒပြမှုများက ၂၀၀၇ ခုနှစ်ကတည်းက ပြုလုပ်ခဲ့သည့် အစ္စရေးတို့၏ ဂါဇာကမ်းမြောင်ဒေသအား ပိတ်ဆို့မှုကို အဆုံးသတ်ရန် တောင်းဆိုခဲ့သည်။

ယင်းသို့ လူစုလူဝေးဖြင့် အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြမှုများ စတင်ပြုလုပ်စဉ်ကတည်းက ယနေ့အထိ အစ္စရေးစစ်ဘက်မှ ပစ်ခတ်နှိမ်နင်းခဲ့မှုကြောင့် ပါလက်စတိုင်းလူမျိုး ၂၃၃ ဦး သေဆုံးပြီး ၂၄၀၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**






# နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ဆိုယုဇ် အာကာသယာဉ်တို့ အောင်မြင်စွာ ချိတ်ဆက်

**မော်စကို ဒီဇင်ဘာ ၄**

ရုရှားနိုင်ငံမှ လွှတ်တင်ခဲ့သည့် အာကာသယာဉ်မှူး သုံးဦးလိုက်ပါသွားသော ဆိုယုဇ် အာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) နှင့် အောင်မြင်စွာ ချိတ်ဆက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သော နှစ်လနီးပါးကာလအတွင်းက ဆိုယုဇ် အာကာသယာဉ်တစ်စင်းအား လွှတ်တင်ရာ၌ အောင်မြင်မှုမရှိခဲ့သဖြင့် ယခုတစ်ကြိမ် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ယင်းဆိုယုဇ် အာကာသယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနူး အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဒီဇင်ဘာ ၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ဒုံးယာဉ်အား လွှတ်တင်ပြီး ကိုးမိနစ်အကြာတွင် ဆိုယုဇ်အာကာသယာဉ်သည် ဒုံးယာဉ်မှ ခွဲထွက်ကာ သတ်မှတ်ထားသည့် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

အဆိုပါ အာကာသယာဉ်တွင် ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှ အာကာသယာဉ်မှူး တစ်ဦးစီလိုက်ပါသွားကြသည်။ ဆိုယုဇ်အာကာသယာဉ် လွှတ်တင်ပြီးနောက် ခြောက်နာရီအကြာတွင် နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မိခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှ လွှတ်တင်ခဲ့သော အာကာသလွန်းပြန်ယာဉ်များကို ၂၀၁၁ ခုနှစ်တွင် အနားပေးခဲ့ပြီးနောက် ဆိုယုဇ်အာကာသယာဉ်များမှာ မြေကမ္ဘာနှင့် နိုင်ငံတကာ အာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်) အကြားတွင် အာကာသယာဉ်မှူးများအား လွန်းပြန်သယ်ပို့နေသည့် တစ်ခုတည်းသော အာကာသယာဉ် ဖြစ်လာခဲ့သည်။

ယခုနှစ် အောက်တိုဘာလအတွင်းက ဆိုယုဇ် အာကာသယာဉ်တစ်စင်းအား လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိဘဲ လိုက်ပါသွားသည့် အာကာသယာဉ်မှူးနှစ်ဦးမှာ မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ရာသီဥတုပြောင်းလဲမှုဆန့်ကျင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ကုလအကြီးအကဲတောင်းဆို

**ကုလသမဂ္ဂ ဒီဇင်ဘာ ၄**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ပိုလန်နိုင်ငံတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဖရင့်တွင် မိန့်ခွန်းပြောကြားရာ၌ ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာ အသိုက်အဝန်းအား တောင်းဆိုလိုက်ကြောင်း သိရသည်။

အဆိုပါ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဖရင့်သို့ ဩစတြေးလျားနှင့် နိုင်ဂျီးရီးယားအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြောင်းလည်း သိရသည်။ ၂၀၁၅ ခုနှစ်က ပြင်သစ်နိုင်ငံတွင် ပါရီသဘောတူညီချက်စာချုပ် ချုပ်ဆိုခဲ့ပြီးကတည်းက ရာသီဥတုပြောင်းလဲမှုတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။

ယင်းမှာ ၂၀၂၀ ပြည့်နှစ်အလွန် ကမ္ဘာကြီးပူနွေးလာမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာမူဘောင်ဖြစ်သည့် ပါရီသဘောတူညီချက်တွင် အဓိကယုံကြည်ချက်အဖြစ် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်းကတည်းက ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားရန်လည်း အရေးကြီးကြောင်း ဂူတာရက်စ်က ဆိုသည်။

ထို့ပြင် နိုင်ဂျီးရီးယားသမ္မတ မူဟမ်မာဒူဘူဟာရီကလည်း ရာသီဥတုပြောင်းလဲမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန်လည်း တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်သည့် မာခ်ဟုဂျ်နေရာတွင် အစားထိုးရန် လိုက်ဇစ်အသင်းနည်းပြဟောင်း ဟက်ဆန်ဟွတ်တီအား ဆောက်သမ်တန် ပစ်မှတ်ထားနေ

ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်းသည် နည်းပြ မာခ်ဟုဂျ်ကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် လိုက်ဇစ် အသင်းနည်းပြဟောင်း ဟက်ဆန်ဟွတ်တီဖြင့် အစားထိုးရန် ပစ်မှတ် ထားလျက်ရှိကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် နည်းပြမာခ်ဟုဂျ်အား ရလဒ်ပိုင်း ဆိုးရွားမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် အသင်း၏နည်းပြသက်တမ်း ရှစ်လအကြာတွင် ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံသား ဟက်ဆန်ဟွတ်တီသည် လိုက်ဇစ်အသင်းတွင် နှစ်နှစ်ကြာဖြတ်သန်းခဲ့ ပြီးနောက် မေလအတွင်းက အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အသင်းလက်မဲ့ဖြစ်နေကြောင်း သိရသည်။

နည်းပြ ဟက်ဆန်ဟွတ်တီသည် လိုက်ဇစ်အသင်းကို စတင်ကိုင်တွယ်ခဲ့သည့် ပထမရာသီမှာပင် လိုက်ဇစ်အသင်းကို ဂျာမန် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် အမှတ်ပေးဇယား၏ ဒုတိယနေရာသို့ တက် လှမ်းခွင့်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သူလည်းဖြစ်သည်။

ပြီးခဲ့သည့်ဘောလုံးရာသီကမူ ဟက်ဆန်ဟွတ်တီသည် လိုက်ဇစ်အသင်းအား အမှတ်ပေးဇယား၏ အဆင့် ၆ နေရာတွင် ရပ်တည်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း လိုက်ဇစ်အသင်းကမူ စာချုပ်သက်တမ်း တိုးမြှင့်ခြင်းမရှိခဲ့သဖြင့် အသင်းနည်းပြအဖြစ်မှ ထွက်ခွာခဲ့ရသူဖြစ်သည်။

ဆောက်သမ်တန်အသင်းသည် လက်ရှိတွင် လက်ထောက်နည်းပြ ကီလ်ဗင် ဒေးဗစ်ကို ကိုင်တွယ်ခွင့်ပြုထားပြီး ဒီဇင်ဘာ ၅ ရက်တွင် ဝင်ဘာလေကွင်း၌ ယှဉ်ပြိုင်ကစားမည့် စပါးအသင်းနှင့် ပွဲစဉ်တွင် တာဝန်ယူကိုင်တွယ်ရမည်ဖြစ်ကြောင်း သိရသည်။



# ဝက်စ်ဟမ်းတိုက်စစ်မှူး ဟာနန်ဒက်ဇ် ဇန်နဝါရီအပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာမည်

ဝက်စ်ဟမ်းအသင်းမှ မက္ကဆီကိုတိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူးဟာနန်ဒက်ဇ်သည် စနေနေ့က နယူးကာဆယ်အသင်းကို ဝက်စ်ဟမ်းအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားခဲ့သူဖြစ်သည်။

ယင်းသို့ ခြေစွမ်းပြကစားနေသော်လည်း မန်ယူအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဟာနန်ဒက်ဇ်အနေဖြင့် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာရန် စီစဉ်နေခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာကာ စပိန်လာလီဂါသို့ ပြန်လည်ကစားရန် ဆန္ဒရှိနေပြီး စပိန်လာလီဂါကလပ် ရီးယဲလ်ဆိုစီဒက်အသင်းနှင့် ဗလင်စီယာအသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

ဟာနန်ဒက်ဇ်အား ဝက်စ်ဟမ်းအသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဝက်စ်ဟမ်းအသင်းသို့ စတင်ရောက်ရှိသည့် ဘောလုံးရာသီမှာပင် သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

ငွေကြယ် - ရေးသားသည်




# ချယ်လ်ဆီးနောက်တန်းကစားသမား အက်ပီလီကူတာ စာချုပ်သစ်တစ်ရပ် ချုပ်ဆို

ချယ်လ်ဆီးအသင်းနောက်တန်းကစားသမား အက်ပီလီကူတာသည် စတမ်းဖို့ဒ်ဘရစ်ချ်နှင့် လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုး ချုပ်ဆိုလိုက်ခြင်းကြောင့် ချယ်လ်ဆီးအသင်းတွင် ၂၀၂၂ ခုနှစ် အထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ်ရှိ နောက်တန်းကစားသမား အက်ပီလီကူတာသည် ၂၀၁၂ ခုနှစ်က မာဆေးလ်အသင်းမှ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားနှစ်ကြိမ်အထိ ရယူထားနိုင်ခဲ့သူဖြစ်သည်။ အက်ပီလီကူတာသည် ချယ်လ်ဆီးအသင်းနှင့်အတူ ၂၀၁၆ ခုနှစ်အတွင်းက သုံးနှစ်ခွဲသက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုထားခဲ့သူလည်း ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် နောက်တန်းကစားသမား အက်ပီလီကူတာကို စာချုပ်သစ်ချုပ်ဆိုခဲ့သည့်အပြင် ကွင်းလယ်ပိုင်းနှင့် တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ကွင်းလယ်နှင့် တိုက်စစ်အားသန်သည့် ရီးယဲလ်မက်ဒရစ် ကစားသမား အစ္စကိုအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းလည်း သိရသည်။

ချယ်လ်ဆီးအသင်းက ကွင်းလယ်တိုက်စစ်ကစားသမား အစ္စကိုအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိရာတွင် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းများဖြစ်သည့် အာဆင်နယ် အသင်းနှင့် စပါးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

## ○ ကျောဖုံးမှ

အား/ကာဦးစီးဌာနအသင်း - နှစ်ဂိုး
ဂန္ဓမာအသင်း - ဂိုးမရှိ

နှစ်ရာသီဆက်တိုက် တတိယဆုရခဲ့သည့် အား/ကာဦးစီးဌာနအသင်းသည် ယခုရာသီတွင်လည်း အဖွင့်ပွဲတွင် နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။ အဖွင့်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရသည်။

သို့သော် အတွေ့အကြုံရှိ ကစားသမားများပါသည့် အား/ကာဦးစီးဌာနအသင်းက ပထမပိုင်းတွင်တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူကာ အနိုင်သုံးမှတ် စတင်ရယူနိုင်ခဲ့သည်။ အား/ကာဦးစီးဌာနအသင်းသည် အမာခံကစားသမားအချို့ကို အသုံးပြုခြင်းမရှိသောကြောင့် အကောင်းဆုံးခြေစွမ်းမရခဲ့ဘဲ ၁၂ မိနစ်တွင် ကေဇင်မြင့်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲကိုဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဂန္ဓမာအသင်းသည် ပြီးခဲ့သည့်ရာသီများထက် ကစားပုံပိုကောင်းလာသော်လည်း ရလဒ်ကောင်းရအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားအားမြှင့်လာပြီး ၅၂ မိနစ်တွင် သဉ္ဇာချိုက အား/ကာဦးစီးဌာနအသင်းအတွက် ဒုတိယအနိုင်ဂိုး သွင်းယူခဲ့သည်။

ပွဲစဉ် (၁) ဒုတိယနေ့ကို ဒီဇင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် သစ္စာအားမာန် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# (၄၈) ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် စက်ဘီးပြိုင်ပွဲ ကျင်းပ




**မန္တလေး ဒီဇင်ဘာ ၄**

ယနေ့ ပထမနေ့၌ အမျိုးသားကီလိုမီတာ ၉၁ တာဝေး စက်ဘီးပြိုင်ပွဲနှင့် အမျိုးသမီးကီလိုမီတာ ၅၀ တာဝေး စက်ဘီးပြိုင်ပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီးမှ ကောင်းဝေယံက စံချိန် ၄၈. ၁၁. ၃၀ ဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ ညီညီအောင်က ၄၈. ၁၂. ၀၉ ဖြင့် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဘုန်းပြည့်စိုးက ၄၈. ၁၂. ၈၉ ဖြင့် တတိယနှင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မသမုဒယက ၁. ၃၀. ၄၈. ၁၄ ဖြင့် ပထမ၊ ရခိုင်ပြည်နယ်မှ မချိုဇင်ဦးက ၁. ၃၀. ၅၀ ဖြင့် ဒုတိယ၊ ကချင်ပြည်နယ်မှ မမေမြတ်နိုးက ၁. ၃၀. ၅၂ ဖြင့် တတိယရရှိခဲ့ကြပြီး ဒီဇင်ဘာ ၅ ရက်တွင် အမျိုးသမီးမီတာ ၅၀၀၊ မီတာ ၃၀၀၀၊ အမျိုးသားမီတာ ၁၀၀၀၊ မီတာ ၃၀၀၀ တစ်ဦးချင်းစံချိန်ပြု ဗိုလ်လုပွဲပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်**

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃



## လှိုင်သာယာမြို့နယ်တွင် လူသတ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာ နတ်မောက်လမ်း ဆိုက်ကားဂိတ်တွင် နိုဝင်ဘာ ၄ ရက်က မျိုးမင်းထွန်းနှင့် ဦးတင်လတ်တို့သည် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်အား စုံစမ်းချက်အရ မျိုးမင်းထွန်းနှင့် ယခင်က ရန်စရှိခဲ့သော ဝေယံနောင်(ခ)ကတုံး၊ မောင်မောင်ကျော်(ခ)ကျော်ကြီး၊ ထွန်းထွန်းအောင်(ခ)ထွန်းအောင်နှင့် အမည်မသိလူငယ်တစ်ဦးတို့က ကျူးလွန်ခဲ့ကြပြီး ၎င်းတို့လေးဦးအနက် ထွန်းထွန်းအောင်(ခ)ထွန်းအောင်နှင့် နေလွင်ထွဋ်(ခ)အညာတို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကာ တိမ်းရှောင်နေသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။ ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၅၂၉ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၈၈ သန်း) စုစုပေါင်းတားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၀၉ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကျွန်းတောကျေးရွာအနီး ၁၉၃ မိုင်ခန့်တွင် ရပ်တန့်ထားသော Toyota Crown ယာဉ်တစ်စီးကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းခွဲသား သုည ဒသမ ၀၇၈၈ တန်၊ ပိတောက်ခွဲသား သုည ဒသမ ၄၃၁ တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၅၂၉ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အလုံမြို့နယ်တွင် အရှိန်မထိန်းနိုင်သည့်ယာဉ်က ရပ်နားထားသည့်ယာဉ်ကို တိုက်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၄**

လမ်းမတော်မြို့နယ်ဘက်မှ ကြည့်မြင်တိုင်မြို့နယ်ဘက်သို့ (တောင်မှ မြောက်သို့)ယာဉ်မောင်း စိုးထွဋ်ဝင်း မောင်းနှင်လာသော HUNDAI အဖြူရောင်ယာဉ်က ဒီဇင်ဘာ ၃ ရက် ည ၁၀ နာရီခွဲခန့်တွင် အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် ကမ်းနားလမ်းသစ် ကျောက်လမ်းထော်လီကွေ့ရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ကွန်တိန်နာ ၁၀ ဘီးယာဉ်အား ဝင်တိုက်မိပြီး ထိုမှတစ်ဆင့် ရှေ့တွင် ညအိပ်ရပ်နားထားသော ကွန်တိန်နာယာဉ်အား ထပ်ဆင့်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ကွန်တိန်နာ ၁၀ ဘီးယာဉ်ပေါ်တွင် အိပ်နေသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် သန်းရွှေတို့နှစ်ဦးမှာ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။

အရှိန်မထိန်းနိုင်ဘဲတိုက်သည့် ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် ယာဉ်မှုစစ်ဌာနက ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ် လူသစ်**
**ဘဝသစ်**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျွန်းစု**

ကံမော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် ည ၁၀ နာရီခွဲက ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာနေ တင့်နိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ညှော်ခန်းရှိ ရေခဲပုံးအတွင်းမှ ဘိန်းစာမှုန့် ၆၀ ကီလိုကို လည်းကောင်း။

**ပုသိမ်ကြီး**

အလားတူ ဒီဇင်ဘာ ၃ ရက် နံနက် ၁ နာရီက မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ထိုင်ခုံအမှတ်(၁၉၊ ၂၀)တွင် လိုက်ပါလာသည့် ဥမ္မာနှင့် အောင်လွင်တို့နှစ်ဦး၏ စက္ကူပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

**အင်းစိန်**

ဒီဇင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၄၂ ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် အမှတ်(၁၀)နယ်မြေ ရွာလယ်လမ်း အမှတ်(မ/၁၀/၅၀-ဂ)နေ မျိုးဟိန်း(ခ)တုတ်ပေါ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်သက်ဖြိုး(ခ) သံချောင်းအား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ကွတ်ခိုင်**

ထို့အတူ ယင်းနေ့ညနေ ၅နာရီခန့်တွင် ကွတ်ခိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအနီး ကောင်းခါးသွားလမ်းတွင် လောက်လူမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၀၀ ကိုလည်းကောင်း။

**ကွန်ဟိန်း**

အလားတူ ဒီဇင်ဘာ ၃ ရက် ညနေ ၃ နာရီခွဲခန့်က လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်တံတားအနီးရှိ စားသောက်ဆိုင်ရှေ့တွင် ထွန်းထွန်းမင်းမောင်းနှင်လာသည့် Nissan ၁၂ ဘီးမော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ အိုက်စ် ၃၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## လှိုင်သာယာမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်- ပုသိမ်ကားလမ်းဘေးရှိ တရားမဝင် စက်သုံးဆီအရောင်းဆိုင်၌ ယနေ့နံနက်ပိုင်းက မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါမြို့နယ်ရှိ အပြင်ပဒံကျေးရွာ တိုးချဲ့မှတ်တိုင်အနီး ကားလမ်းဘေး၌ တရားမဝင်(ကျူးကျော်)ဖွင့်လှစ်ထားသော စက်သုံးဆီအရောင်းဆိုင်တွင် ယနေ့နံနက် ၁၁ နာရီခန့်က ထမင်း၊ ဟင်းချက်ပြုတ်ပြီး ကျန်ရှိသည့် ထင်းမီးဖို မီးကြွင်းမီးကျန်အနီး ဓာတ်ဆီလှယ်ရာမှ ဓာတ်ဆီငွေ့နှင့်ထိတွေ့၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက Level-1 အုပ်စုအဆင့်ရှိ မီးငြိမ်းသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားသည်။

**ဇော်ကြီး**



# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း

**ယမန်နေ့မှအဆက်**

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

၃၀။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုမပြုလုပ်ရ -

(က) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ သို့မဟုတ် စက်မှုလုပ်ငန်းအဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ခ) လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(ဂ) မူလမြေမျက်နှာသွင်ပြင်ကို ပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-

(၁) ရွှေကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်များစုပုံစွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(၂) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာပိတ်ဆို့ တားဆီးခြင်း၊

(၃) ကန်၊ ချောင်း၊ ဆည်မြောင်း၊ လျှို၊ ချိုင့်များမြေဖို့ခြင်း။

(ဃ) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်း သဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်း မဟုတ်သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံများနှင့် ပရဝဏ်များအတွင်း တိရစ္ဆာန်များ လွှတ်ကျောင်းခြင်း၊

(စ) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက်အအုံများ၊ နေရာများ၏ မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူဝင်ရောက်သွားလာ ကြည့်ရှုမရအောင် ပိတ်ဆို့တားဆီးခြင်း၊ ခြံခတ်ကာရံခြင်း။

၃၁။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

၃၂။ မည်သူမျှ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် အမျိုးသားအဆင့်စီမံခန့်ခွဲမှု ကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများက ထုတ်ပြန်သော စည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

၃၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ်အတွင်း ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေရန် ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၈ သို့မဟုတ် ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ် သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးနှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၈။ မည်သူမဆိုဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါ အမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့်အဆောက်အအုံကိုဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း။

၃၉။ မည်သူမဆို ပုဒ်မ ၃၈ အရ ချမှတ်သည့်အမိန့်ကို ရက်ပေါင်း ၃၀ အတွင်း လိုက်နာ ဆောင်ရွက်ရမည်။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါကအမိန့်ချမှတ်ပြီး ရက်ပေါင်း ၃၀ ကျော်သည့်နေ့မှစ၍ တစ်နေ့လျှင် ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၄၀။ နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့် စပ်လျဉ်း၍ -

(က) ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ဆောင်ရွက်ခြင်းကို တားမြစ်သည်။

(ခ) ပုဒ်မခွဲ(က) ပါ ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှတစ်ပါး အခြားယဉ်ကျေးမှုအမွေအနှစ် ဒေသများတွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း နိုင်ငံတကာလုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီပြောင်းရွှေ့အစားထိုး ထိန်းသိမ်း၍ ဆောင်ရွက်နိုင်သည်။

၄၁။ (က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် အခကြေးငွေ ကောက်ခံခြင်း၊ ဝင်ကြေး သတ်မှတ်ကောက်ခံခြင်းများကို သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ပေးရမည်။

(ခ) စီမံခန့်ခွဲရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေသည့် ဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအတွက် ဒဏ်ကြေးငွေများကို တစ်ကြိမ်တည်းသော်လည်းကောင်း၊ နှစ်စဉ်သော်လည်းကောင်း သတ်မှတ်ပေးရမည်။

၄၂။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ပါ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကြိုတင်ခွင့်ပြုချက်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးပြီးစည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက်ရေးထိုးစေခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း။

၄၃။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အသုံးစရိတ်များကို ဝန်ကြီးဌာနက ကျခံရမည်။

၄၄။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးအတွက် သင့်လျော်သော ရန်ပုံငွေတစ်ရပ်ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထူထောင်ထားရှိနိုင်သည်။

၄၅။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၆။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၄၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းရှိ မြို့ပြနှင့်ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေးနှင့်ဖွံ့ဖြိုးရေးကိစ္စရပ်များကို မထိခိုက်စေဘဲ ညှိနှိုင်းသတ်မှတ်ပေးရမည်။

၄၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၉။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၉/၁၉၉၈) အရ သတ်မှတ်ထားသည့် ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်နှင့် ရှေးဟောင်းနေရာဇုန်တို့ကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသဟုလည်းကောင်း ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ကြားခံဒေသဟုလည်းကောင်း မှတ်ယူရမည်။

၅၀။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၉/၁၉၉၈)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၁။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် (၉/၁၉၉၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။



ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာတောင်ညွန့်မြို့နယ်ကန်တော်ရပ်ကွက်(၉၁) လမ်း စာရိတ္တမြင့်တင်မှုခန်းမ ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှငွေးတို့ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၀၀ ကွင်းဆင်းဆောင်ရွက်စဉ်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)



ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ (ဥသာမြို့သစ်) ရှိ မနောစိတ္တာပူပွါဒ် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ဆရာကြီး ဦးသံလုံးနှင့် တပည့် သားသမီးများက အဆိုပါ စေတီတော်မြတ်ကြီးအား စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်၍ ထုံးသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်အားဒါန ကုသိုလ်ပြုကြစဉ်။

ခင်မောင်ဝင်း(ကြေးမုံ)

## မုံရွာမြို့ ခုတင် ၅၀၀ ဆေးရုံကြီးသို့ စုပေါင်းသွေးလှူဒါန်း

**ညောင်ဦး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံမြို့ ရတနာဘုံစံတောရကျောင်း ဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသော မြတ်စေတနာ ပရဟိတသွေးလှူရှင်အသင်းမှ အသင်းသားများက ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ လူနာများအတွက် ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းသည်။

မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသလျက်ရှိသည့် လူနာများ သွေးလိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ကုသပေးနိုင်ရေးအတွက် အေသွေး ၁၂ လုံး၊ ဘီသွေး ၁၂ လုံး၊ အိုသွေး ၂၁ လုံး၊ အေဘီသွေး ၃ လုံး စုစုပေါင်း ၄၈ လုံး လှူဒါန်းခဲ့ကြသည်။

ရဲဝင်းနိုင် (ညောင်ဦး)




# မန္တလေးမြို့၌ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၄**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "အားလုံးတူညီအခွင့်အရေးရရှိရေး၊ မသန်စွမ်းသူများအစွမ်းမြှင့်တင်ပေး" ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ ပြည့်နှစ် အစီအစဉ်တွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေး ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအမျိုးသမီးကော်မတီနာယကမှ ၂၀၁၈ ခုနှစ် (၂၉) ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မသန်စွမ်းအမျိုးသမီးအားကစားသမားများအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက အခြေခံပညာအဆင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအားလည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသောကလေးများကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် Special Olympic ကျောင်းမှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး မသန်စွမ်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**

# လှိုင်ကော် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း သူနာပြု – သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတက်ရောက်

**လှိုင်ကော် ဒီဇင်ဘာ ၄**

လှိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၏ ပဉ္စမအကြိမ်မြောက် သူနာပြု-သားဖွားဒီပလိုမာ အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနား ကိုဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လှိုင်ကော် သူနာပြုနှင့် သားဖွားဒီပလိုမာသင်တန်းကျောင်းကို ၁၉၉၃ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင် ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ သူနာပြုဒီပလိုမာဦးရေ ၁၀၄၇ ဦးနှင့် သားဖွားဆရာမဦးရေ ၅၂၇ ဦးတို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ဖို့ သူနာပြု-သားဖွားဆရာ ဆရာမကောင်းများ များစွာလိုအပ်နေဆဲဖြစ်ကြောင်း၊ မိမိတို့ အပြောအဆို အပြုအမူ ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ကျင့်သိက္ခာ ကောင်းမွန်သူများအဖြစ် ထင်ဟပ်စေရန် လက်တွေ့နယ်ပယ်တွင် ကျင့်ကြံနေထိုင်ကြရန် လိုအပ်ကြောင်း၊ သူနာပြုနှင့် သားဖွားဆရာမလောက ကောင်းကျိုးနှင့် တိုးတက်ရေးကို မိမိအရေးကဲ့သို့မှတ်ယူပြီး စောင့်ရှောက် အလုပ်အကျွေးပြုနိုင်သော သူနာပြုဆရာမကောင်းများ ဖြစ်နိုင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လှိုင်ကော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုံးရွှေက သူနာပြု-သားဖွား ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး သူနာပြုနှင့်သားဖွားဒီပလိုမာ အောင်မြင်သူ ၇၂ ဦးတို့အား ဒီပလိုမာ အောင်လက်မှတ်ကို အသီးသီးပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သူနာပြုသင်တန်းကျောင်းမှ ဆရာ ဆရာမများ၊ အောင်လက်မှတ်အပ်နှင်းခြင်းခံရမည့် သင်တန်းသား သင်တန်းသူများ၊ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**ထွန်းလေး**





# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် သရက်ချောင်းမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**သရက်ချောင်း ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများသည် ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက သရက်ချောင်းမြို့နယ် သဲချောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အစည်းအဝေးခန်းမဆောင်တွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လာရောက်တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဆင့်ချင်းဆောင်ရွက်ရမည်ဖြစ်ပြီး အဆင်မပြေမှုများရှိလာပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ ရပ်ရွာဒေသငြိမ်းချမ်းသာယာရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိတို့ကျေးရွာအလိုက် လိုအပ်သည်များကို အသီးသီးတင်ပြခဲ့ကြကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်အား အမေရိကန်နှင့် ဗြိတိန်သံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

**မြစ်ကြီးနား ဒီဇင်ဘာ ၄**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr.Scot Alan Marcial နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Daniel Patric Barden Chugg တို့သည် ဒီဇင်ဘာ ၃ ရက် နံနက် ၁၁ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာစခန်းများနေ ပြည်သူများအား ထောက်ပံ့ကူညီပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြသိန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်လွင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နှင့် ဗြိတိန်နိုင်ငံသံရုံးတို့မှ သံရုံးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ပဲခူးမြို့တွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနား ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၄**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူနေ့အခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက စဉ်ဆက်မပြတ်ဖွံ့ဖြိုးပြီး ကြံ့ခိုင်သန်စွမ်းသော လူ့အဖွဲ့အစည်းများ ဖန်တီးဆောင်ရွက်ရာတွင် မသန်စွမ်းသူများ အပြည့်အဝ ပေါင်းစည်းပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မသန်စွမ်းသူများအပါအဝင် မိဘပြည်သူတစ်ရပ်လုံး အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများက မသန်စွမ်းအဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်းပြီး မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းဆောင်ရည်နှင့် လူ့အခွင့်အရေးတို့ကို အလေးဂရုပြုဖော်ထုတ်အသိအမှတ်ပြု ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။



အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်ကြီးလှမျိုးရွှေ၊ လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မသန်စွမ်းသူများအဖွဲ့မှ တာဝန်ရှိသူများနှင့် မသန်စွမ်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ငမိုးရိပ်တံတားသစ် (ကမာကြည် – ၂) တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏ-ကမာကြည်လမ်းနှင့် တောင်ဒဂုံမြို့နယ်ရှိ စက်မှုဇုန် (၁) မိုးကုတ်လမ်းနှင့် ငမိုးရိပ်ချောင်းကို ဖြတ်ကျော်ကာ ဆက်သွယ်တည်ဆောက်နေသည့် ငမိုးရိပ်တံတား (ကမာကြည်-၂)မှာ ယခုအခါ တံတားတည်ဆောက်ဆောင်ရွက်မှု ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

တံတားသစ်အမျိုးအစားမှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ် (R.C.C. Bored Pile)၊ သံကူကွန်ကရစ်ဘိုးပိုင်ထိပ်အုပ် (R.C.C.Pile Cap) နှင့် သံကူကွန်ကရစ် တိုင်နှင့် ကန့်လန့်ရက်မ (R.C.C.Pier and Cross Beam) အမျိုးအစားတို့ဖြစ်ပြီး တံတားရက်မများကို သံကူကွန်ကရစ်ရက်မ (R.C.C Girders)အရှည် ၂၀ မီတာ၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ (P.S.C.e-Beam) အရှည် ၃၆ မီတာစီနှင့် သံမဏိသံပေါင်ရက်မ (Steel Twin Box Girders) အရှည် ၆၀ မီတာကို အသုံးပြုတည်ဆောက်ထားကြောင်း သိရသည်။

တံတားကြီး၏အရှည်မှာ ၂၅၈ မီတာရှိပြီး ၁၁ ဒသမ ၅ မီတာကျယ်ကာ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘက်အခြမ်းရှိ ချဉ်းကပ်တံတားအရှည် ၇၇ မီတာနှင့် တောင်ဒဂုံမြို့နယ်ဘက်အခြမ်းရှိ ချဉ်းကပ်တံတားအရှည် ၄၄ မီတာတို့အား ပင်မတံတားနှင့် ဆက်စပ်တည်ဆောက်ခဲ့ကြောင်းလည်း သိရသည်။ ရေလမ်းကင်းလွတ်ခွင့်အမြင့် ၅ ဒသမ ၅ မီတာရှိပြီး ရေလမ်းကင်းလွတ်ခွင့်အကျယ်မှာ ၅၄ မီတာရှိကြောင်း သိရသည်။ နှစ်လမ်းသွားဖြစ်ပြီး ကားလမ်းဘေးတစ်ဖက်လျှင် ၁ ဒသမ ၅ မီတာအကျယ်အဝန်းရှိ လူသွားလမ်း ပလက်ဖောင်း အသွားအပြန်ပါရှိကြောင်း တံတားသစ်စီမံကိန်းရုံးမှ သိရသည်။

**သတင်း–ပွင့်သစ္စာ၊ ဓာတ်ပုံ–စိုးမြင့်အောင်**

# မန္တလေးတွင် နည်းပညာသစ်ဖြင့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း အောင်မြင်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို နိုင်ငံတကာတွင် အသုံးပြုနေသည့် Cement Stabilized နည်းပညာသစ်ဖြင့် နိုဝင်ဘာလအတွင်းက စမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း အဆိုပါ လမ်းတံတားဌာနမှ ဌာနမှူး ဦးသန်းထိုက်ဦးက ပြောကြားသည်။

အဆိုပါ နည်းပညာသစ်ဖြင့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ချမ်းမြသာစည်မြို့နယ် ၄၅ လမ်းနှင့် ၄၆ လမ်းကြားရှိ ခိုင်ရွှေဝါလမ်းတွင် စမ်းသပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနည်းပညာသစ်သည် ယခင်နိုင်လွန်ကတ္တရာလမ်းခင်းရာတွင် အသုံးပြုသည့်နည်းလမ်းထက် လုပ်ငန်းဆောင်ရွက်သည့် အချိန်ကာလနှင့် ကုန်ကျစရိတ်များ သက်သာသည့်အပြင် မာကျောကျစ်လျစ်မှုကြောင့် ခံနိုင်ရည်အား ပိုမိုကောင်းမွန်မှုရှိကြောင်း သိရသည်။

ယခုနည်းပညာသစ်ကို အသုံးပြု၍ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘိလပ်မြေ ၄ ရာခိုင်နှုန်းသာ သုံးစွဲရသည့်အတွက် ပေ ၅၅၀ ရှည်သည့် လမ်းအတွက် ယခင်ကုန်ကျငွေ၏ ထက်ဝက်ခန့်သာသုံးစွဲရသည့်အပြင် အချိန်ကာလမှာလည်း ယခင်က လမ်းတစ်လမ်းကို ရက် ၂၀ ခန့် ကြာမြင့်သော်လည်း ယခုအခါ နှစ်ရက်အတွင်း အပြီးခင်းနိုင်ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီလမ်းတံတားဌာနမှ ယခု ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့နယ်ခြောက်မြို့နယ်အတွင်းရှိ လမ်းများအား နိုင်လွန်လမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း၊ Cement Stabilized လမ်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေကျပ် ၈ ဒသမ ၂၂ ဘီလီယံခန့် သုံးစွဲရန် လျာထားပြီး လမ်းခင်းသည့်လုပ်ငန်းများကိုလည်း လက်ရှိတွင် ခေတ်မီစက်ယန္တရားများ၊ နည်းပညာသစ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လမ်းနှင့်အညီ ရေမြောင်းများပြုလုပ်ရာတွင်လည်း တည်ဆောက်ချိန် မြန်ဆန်ပြီး ရေရှည်ခိုင်ခံ့စေရန်နှင့် မြောင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း Precast နည်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မုံရွာတွင် နှမ်းဖြူသန့်ဝယ်ယူရေး သဘောတူစာချုပ်ချုပ်ဆို



**ဘုတလင် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် ဆီထွက်သီးနှံပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းဝင် တောင်သူများနှင့် International Best Manufacturing Co.,Ltd တို့အကြား GAP နှမ်းဖြူသန့်ဝယ်ယူရေး သဘောတူစာချုပ်ချုပ်ဆိုပွဲကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက မုံရွာမြို့ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"တင်းပေါင်း ၆၀၀ လောက် နယ်မြေအရောက် ဘုတလင်ဘက်ကို ကုမ္ပဏီက ဆင်းဝယ်ကြမှာပါ။ GAP နဲ့စိုက်တဲ့နှမ်းမျိုးဆိုရင် ကုမ္ပဏီက ဝယ်မှာဖြစ်ပါတယ်။ နောက်ထပ်ကုမ္ပဏီက နှမ်းတင်မကဘူး၊ နေကြာတို့၊ မြေပဲတို့ပါ GAP နဲ့လုပ်မယ်ဆိုရင် ကုမ္ပဏီကဝယ်မယ်ဆိုတော့ တောင်သူတွေ ဆက်စိုက်ကြဖို့ စိုက်ပျိုးရေးဌာနက ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွှန့်က ပြောသည်။

ဆက်လက်၍ International Best Manufacturing Co.,Ltd. ဒါရိုက်တာဦးသန်းထွေးက စာချုပ်ချုပ်ဆိုမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကျောက်ဖြူတွင် စာရင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး အသိပညာပေး ဟောပြော

**ကျောက်ဖြူ ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃ ရက်က ကျင်းပသည်။

ဗဟိုစာရင်းအင်းအဖွဲ့ ဦးစီးအရာရှိ ဒေါ်အေးအေးမာက ပြည်သူ့ရေးရာမှတ်ပုံတင်ခြင်းစနစ်၏ အခြေခံသဘောတရားများအားလည်းကောင်း၊ ဒေါ်ဝင့်ဆွေရည်က မြန်မာနိုင်ငံ၏ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းစနစ်နှင့် ဆောင်ရွက်မှုအားလည်းကောင်း ပါဝါပွိုင့်ဖြင့် ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ကျွန်းလှတွင် ပြည်သူများအား အသိပညာပေး

**ကျွန်းလှ ဒီဇင်ဘာ ၄**

ကျွန်းလှမြို့နယ် လွတ်တိုက်ကျေးရွာအုပ်စု လွတ်တိုက်ကျေးရွာအထက်တန်းကျောင်းခွဲ၌ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီက ကျွန်းလှမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထိုက်ခေါင်းဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးခြင်း၊ သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဆိုးကျိုးများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

တိုတိုထွာထွာဖတ်စရာ

## အကြမ်းဖက်မှုဆိုင်ရာသိကောင်းစရာသင်တန်း လှိုင်သာယာတွင်ဖွင့်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အကြမ်းဖက်မှုဆိုင်ရာ သိကောင်းစရာသင်တန်းကို ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ပို့ချသည်။

ကလေးသူငယ်အကြမ်းဖက်မှုနှင့် ကျား၊ မအပေါ် အခြေပြုသော အကြမ်းဖက်မှုများအကြောင်း သိကောင်းစရာများကို မြို့နယ်လူမှုရေးအဖွဲ့အစည်းများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မီးသတ်ဦးစီးဌာနက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် ညနေ ၄ နာရီက သုံးခွမြို့နယ် မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၃ ရက်မှ ၃၁ ရက်ထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်မီးသတ်တပ်ဖွဲ့၏ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ နွေဦးကာလ မီးငြိမ်းသတ်နည်း လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

မီးငြိမ်းသတ်နည်းစနစ်၊ စက်နှင့်ယာဉ်များအသုံးပြုနည်း၊ လက်နက်မဲ့စစ်ရေးပြသင်ခန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်သင်ကြားကာ သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**မဘိမ်း**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မဘိမ်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းကို မဘိမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းဦး (ပြန်/ဆက်)**

# လူတိုင်းပါဝင်ဆင်ကာနွှဲ ဒီဇင်ဘာလ လမ်းလျှောက်ပွဲ

သန်းဖြိုးနိုင်(ကညင်ကျိုး)

ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်ကာ ဒီဇင်ဘာလ လမ်းလျှောက်ပွဲများကို စတင်ကျင်းပနေကြပြီဖြစ်သည်။ နေပြည်တော်အစိုးရရုံးစိုက်ရာ မြို့တော်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများတွင် အစိုးရဌာနများရုံးပိတ်ရက်ဖြစ်သည့် စနေနေ့တိုင်း ဒီဇင်ဘာတစ်လလုံး ပုံမှန်ပြုလုပ်ကြလေ့ရှိသည်ကိုလည်း သတင်းများတွင် တွေ့ရသည်။

## အားကစားပြိုင်ပွဲများကျင်းပ

သို့အတွက် ထိုလကို အများအားဖြင့် အားကစားလဟု သတ်မှတ်ကြကာ နိုင်ငံအတော်များများတွင် အားကစားပွဲများကျင်းပလေ့ရှိကြသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း ထိုလတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက်သော်လည်းကောင်း၊ အစိုးရဌာနများအတွင်းရှိ ဝန်ကြီးဌာနများအလိုက်သော် လည်းကောင်း အားကစားပြိုင်ပွဲများကျင်းပလေ့ရှိပြီး နောင်နှစ်သစ်ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်လေ့ရှိသည့် လွတ်လပ်ရေးနေ့တွင် ဆုပေးပွဲများပြုလုပ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

## လမ်းလျှောက်ပွဲများပြုလုပ်ကြ

ဒီဇင်ဘာလ အားကစားရာသီတွင် ကျွန်ုပ်တို့ဝန်းကျင်တွင် အများဆုံးတွေ့ရတတ်သည်မှာ လူတိုင်းကိုယ်စီမနက်ခင်းအစောနှင့် ညနေပိုင်းများတွင်လမ်းလျှောက်ထွက်ကြခြင်းဖြစ်သည်။ မနက်စောစောလမ်းလျှောက်ခြင်းကိုလည်း အစိုးရဝန်ကြီးဌာနများအနေဖြင့်လည်း တစ်ခုချင်းစီသော်လည်းကောင်း၊ စုပေါင်းပြီးသော်လည်းကောင်း လမ်းလျှောက်ပွဲများကို အပတ်စဉ် စနေနေ့ မနက်တိုင်း ပြုလုပ်ကြသည်ကိုလည်းတွေ့ရသည်။ ထိုလမ်းလျှောက်ပွဲများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကဦးစီးပြီး ဝန်ကြီးဌာနပေါင်းစုံပါဝင်ကာ နှစ်စဉ်နှစ်တိုင်း နေပြည်တော်နှင့် တိုင်းဒေသကြီးပြည်နယ်များရှိ မြို့အသီးသီးတွင် ပြုလုပ်သည်ကိုလည်းတွေ့ရသည်။ ထိုပွဲများတွင် အစိုးရမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များပါ ပါဝင်ဆင်နွှဲကြသည်ကို တွေ့ရသည်။ သို့အတွက် မကြာမီကာလတွင် ကျရောက်လာမည့် ဒီဇင်ဘာလတွင်လည်း ထိုလမ်းလျှောက်ပွဲများကို ပြုလုပ်ကြဦးမည်ဖြစ်သည်။

## မြို့ရွာတစ်ခွင်မှလူထုများပါ အားလုံးပါဝင်လမ်းလျှောက်ကြစေချင်

ထိုလမ်းလျှောက်ပွဲများမှာ တစ်ပတ်လျှင်တစ်ကြိမ်သာ ပြုလုပ်ကြပြီး ဌာနပေါင်းစုံမှ ဝန်ထမ်းများသာ လမ်းလျှောက်ကြသည်ဆိုသော်လည်း အမှန်တွင်မူ ထိုဌာနနှင့် ထိုဝန်ထမ်းများအတွက်တင်မဟုတ်ဘဲ ကျန်တစ်နိုင်ငံလုံးရှိ ထိုဌာနများနှင့် ဆက်စပ် ပတ်သက်ရာ မိသားစု၊ ပတ်ဝန်းကျင်မှ ပြည်သူများလည်းပါဝင်ဆင်နွှဲကြရမည်ဖြစ်သည်။ ထိုသို့ ပါဝင်ဆင်နွှဲကြရန်လည်း ဆိုင်ရာဌာနများမှစပြီး မနက် လေးနာရီခန့်ကတည်းက အသံချဲ့စက်ဖြင့် သီချင်းများဖွင့်ကာနှိုးဆော်ခြင်း၊ မော်တော်ယာဉ်များဖြင့်လိုက်ပါခေါ်ဆောင်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

## လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

အမှန်ဆိုလျှင် လမ်းလျှောက်ခြင်းဆိုသည်မှာ ကျန်းမာရေးအတွက် အကောင်းဆုံးကိုယ်လက်လှုပ်ရှားခြင်းတစ်လက်ဟု ဖတ်မှတ်ခဲ့ရဖူးသည်။ လမ်းလျှောက်ခြင်း၊ ကောင်းမွန်စွာအိပ်စက်ခြင်းနှင့် အစားအသောက်ချင့်ချိန်စားသုံးခြင်းသည် ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဆေးသုံးပါးဟုလည်း ဖတ်ရသည်။ တစ်နေ့ကို ၁၅ မိနစ်၊ မိနစ် ၂၀ လောက်လမ်းလျှောက်ပေးခြင်းသည် ရုပ်ပိုင်းဆိုင်ရာအတွက်သာမက စိတ်ကျန်းမာရေးအတွက်ပါ တိုးတက်မှုများ ဖြစ်လာစေနိုင်သည်ဟုဆိုသည်။ လမ်းလျှောက်ခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်ဟုလည်း ဖတ်မှတ်ခဲ့ရသည်။



၁၀။ ဦးနှောက်လုပ်ဆောင်မှုတိုးစေခြင်း (အေရိုးဗစ်ကစားသလိုမျိုး လမ်းလျှောက်ခြင်းသည် ဦးနှောက်လုပ်ဆောင်မှုကို အကျိုးသက်ရောက်စေသည့်အတွက် သူငယ်ပြန်တာမျိုးနှင့် အယ်လ်ဇိုင်းမားရောဂါမျိုးများကို မဖြစ်အောင်ကာကွယ်ပေးနိုင်ပြီး စိတ်ပိုင်းဆိုင်ရာစွမ်းရည်တိုးတက်လာစေကာ စိတ်ဖိအားလျော့ပါးစေသည်။)

> လမ်းလျှောက်ခြင်း၊ ကောင်းမွန်စွာ အိပ်စက်ခြင်းနှင့် အစားအသောက် ချင့်ချိန်စားသုံးခြင်းသည် ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်သည့် ဆေးသုံးပါး . . .

၂။ အမြင်အားကောင်းစေခြင်း (မျက်စိနှင့် ခြေထောက်သည် အဝေးကြီးဆိုသော်ငြား လမ်းလျှောက်ခြင်းသည် မျက်စိအားကိုပိုမိုကောင်းလာစေပြီး တိမ်ဖြစ်ပေါ်မှုကိုလည်း လျော့ကျစေသည်ဟုဆိုသည်။

၃။ နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးခြင်း (လမ်းလျှောက်ခြင်းသည် ပြေးသလိုမျိုးပင်နှလုံးပေါ်တွင် အကျိုးသက်ရောက်မှုရှိကြောင်း အမေရိကန်နှလုံးအဖွဲ့အစည်းက ပြောထားသည်။ သွေးဖိအားလျော့နည်းစေကာ သွေးထဲမှ ကိုလက်စထရောပါဝင်မှုကို လျှော့ချပေးပြီး သွေးလည်ပတ်မှုကို ကောင်းမွန်စေသည်။

၄။ အဆုတ်အားကောင်းလာစေခြင်း (လမ်းလျှောက်ခြင်းသည် သွေးလည်ပတ်မှုကို ကောင်းစေသဖြင့် အဆုတ်ကို အောက်ဆီဂျင်များများရောက်စေပြီး အဆုတ်မှ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည့်အပြင် အသက်ပြင်းပြင်းရှူရသည့်အတွက် အဆုတ်ဟာသန်မာလာပြီး အချို့သောရောဂါများကို သက်သာစေနိုင်သည်။)

၅။ ပန်ကရိယကို အထောက်အကူဖြစ်စေခြင်း (လမ်းလျှောက်ခြင်းသည် ပြေးခြင်းထက်ပို၍ သွေးတွင်းသကြားဓာတ်ပါဝင်မှုကို လျှော့ချပေးနိုင်သဖြင့် ပုံမှန်ပြေးသည့်သူထက် ဂလူးကို့စ်ကို ခြောက်ဆခန့် ချေဖျက်နိုင်ကြောင်း ခြောက်လကြာစောင့်ကြည့်ထားသည့် စစ်တမ်းများအရ သိရသည်ဟုဆိုသည်။)

၆။ အစာကြေရင်ချောင်စေခြင်း (တစ်နေ့ကို မိနစ် ၃၀ လောက် လမ်းလျှောက်မည်ဆိုလျှင် အစာကြေရင်ချောင်စေပြီး ဝမ်းချုပ်တာမျိုးကိုလည်း သက်သာစေနိုင်သည့်အပြင် အူမကြီးကင်ဆာမဖြစ်အောင် ကာကွယ်ပေးနိုင်စွမ်းလည်းရှိသည်ဟုဖတ်ရသည်။)

၇။ ကြွက်သားတွေ တက်လာမယ် (တစ်နေ့လျှင် ခြေလှမ်း တစ်သောင်းလောက်လမ်းလျှောက်မည်ဆိုပါက Gym သွားကစားတာနှင့် ညီမျှပြီး ကြွက်သားများ ကျစ်လျစ်မှုနှင့် ဝိတ်ကျမှုဖြစ်စေသည်။ လမ်းလျှောက်လျှင်မြေပြန့်တွင် လျှောက်သည်ထက် တောင်တက်လမ်းများတွင် လျှောက်သည်က ပိုကောင်းသည်။)

၈။ အရိုးအဆစ်တွေ သန်မာလာမယ် (လမ်းလျှောက်ခြင်းဖြင့် အရိုးအဆစ်တွေ သန်မာလာစေပြီး အဆစ်မကောင်းတာ အရိုးပွတာနှင့် အရိုးကျိုးတာမျိုး အလွယ်တကူမဖြစ်အောင် ကာကွယ်ပေးသည်။ တစ်နေ့ကိုမိနစ် ၃၀ လောက် လမ်းလျှောက်မည်ဆိုပါက အဆစ်ရောင်တာနှင့် အရိုးအဆစ်တွေ ညောင်းကိုက်နေတာမျိုးကို လျှော့ချပေးနိုင်သည်။)

၉။ ခါးနာသက်သာစေတယ် (ခါးနာနေတတ်သည့်သူများအတွက် လမ်းလျှောက်ခြင်းသည် အလွန်ကောင်းမွန်သည့် လေ့ကျင့်ခန်းတစ်ခုဟု ဆိုသည်။ သွေးလည်ပတ်မှုကို ညီညွတ်စေသည့်အတွက် ကျောရိုးမကြီးကို ပိုမိုအားကောင်းစေလာပြီး ကျောရိုးမကြီး၏ ကွေးညွတ်နိုင်မှုကို အထောက်အကူပေးနိုင်သည်။)

၁၀။ စိတ်သက်သာရာရစေတယ် (လမ်းလျှောက်ခြင်းသည် စိတ်ဖိစီးမှု အလွန်များနေသည့်သူများကိုလည်း စိတ်သက်သာစေနိုင်ပြီး မိသားစုဝင်တစ်ယောက်ယောက် သို့မဟုတ် သင်ချစ်သူ တစ်ယောက်ယောက်နှင့် လမ်းအတူတူလျှောက်မည်ဆိုပါက ခံစားမှုများ ပိုသက်သာသာယာစေမည်ဟု ဖတ်ရသည်။)

## ကျန်းမာရေးအသိဖြင့် ပါဝင်လာစေရန် ကျယ်ကျယ်ပြန့်ပြန့်နှိုးဆော်

သို့ဖြစ်၍ လမ်းလျှောက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများမှ အလွန်များပြားလှသည်ဖြစ်ရာ ဆိုင်ရာဌာနများအနေဖြင့်လည်း လမ်းလျှောက်ပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများသာမက ပြည်သူအများပါပါဝင်လာစေရေးအတွက် ဝတ်စုံများကိုဖြန့်ဝေပေးခြင်း၊ လမ်းလျှောက်ခြင်းဖြင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးခြင်းများဖြင့် လူထုတစ်ရပ်လုံးပါဝင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာမည်၊ လူသားအရင်းအမြစ်များ ထွန်းကားလာမည်၊ နောင်အနာဂတ်ခေါင်းဆောင်ဖြစ်လာမည့် လူငယ်များလည်း ကျန်းမာရေးအသိ ကိုယ်စီရှိလာကာ ကောင်းမွန်သည့် အစဉ်အလာတစ်ခုကို နောင်လာနောက်သားတို့အထိ လက်ဆင့်ကမ်းအမွေပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ



## အီတလီစီးရီးအေတစ်နှစ်တာ အကောင်းဆုံးဂိုးသမားဆု ဆွတ်ခူးခဲ့တဲ့ လီဗာပူးဂိုးသမား အဲလစ်ဆင်

လီဗာပူးဂိုးသမား အဲလစ်ဆင်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ရိုးမားအသင်းနဲ့အတူ အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့တာကြောင့် အီတလီစီးရီးအေရဲ့တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဘရာဇီး ဂိုးသမား အဲလစ်ဆင်ဟာ အဲဒီဆုပေးပွဲကိုသူရဲ့ဇနီးဖြစ်သူ နာတာလီယာ လိုဝီနဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အီတလီစီးရီးအေ တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုကို လွန်ခဲ့တဲ့လေးနှစ်ကာလအတွင်းမှာ ဂျူဗင်တပ်ဂိုးသမားဟောင်းတစ်ဦးဖြစ်တဲ့ ဘတ်ဖွန်ကသာ ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲလစ်ဆင်ဟာ ရိုးမားအသင်းနဲ့အတူ ပြီးခဲ့တဲ့ရာသီက အီတလီစီးရီးအေ ၃၇ ပွဲ ကစားပေးခဲ့ရာမှာ အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် ပြီးခဲ့တဲ့နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက လီဗာပူးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး ဈေးအကြီးဆုံးဂိုးသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ အဲလစ်ဆင်ဟာ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိအင်တာမီလန်အသင်းနဲ့အတူ ၄၄ ပွဲ၊ ၂၀၁၆ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ရိုးမားအသင်းနဲ့အတူ ၃၇ ပွဲကစားပေးခဲ့ပြီး ၂၀၁၈ ခုနှစ်ကနေ လက်ရှိအချိန်အထိ လီဗာပူးအသင်းမှာ ကစားနေတာဖြစ်ပါတယ်။




## လူကာမိုဒရစ် ဘလွန်းဒီအောဆုရှင်ဖြစ်လာခဲ့ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့ရဲ့လွှမ်းမိုးမှုအဆုံးသတ်

ရီးယဲလ်မက်ဒရစ်နဲ့ ခရိုအေးရှားတို့ရဲ့ကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ လူကာမိုဒရစ်ဟာ ၂၀၁၈ ခုနှစ် ဘလွန်းဒီအောဆုကိုရရှိခဲ့ပါတယ်။ လူကာမိုဒရစ်ဟာ အဲဒီဆုအတွက်ဆယ်စုနှစ်တစ်စုကြာလွှမ်းမိုးထားခဲ့ကြတဲ့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီနဲ့ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုတို့ကို ကျော်ဖြတ်ပြီးရယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားပါပြီ။

အခုလို ကမ္ဘာ့အကောင်းဆုံးကစားသမားကိုပေးအပ်တဲ့ ဘလွန်းဒီအောဆုရရှိခဲ့တာဟာ လူကာမိုဒရစ်အသင်းနဲ့ ၂၀၁၈ ခုနှစ်အတွင်း ရီးယဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ်ဖလားသုံးနှစ်ဆက်တိုက်ရယူပေးနိုင်ခဲ့မှုနဲ့ ခရိုအေးရှားအသင်းကိုလည်း ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာကြောင့်ဖြစ်ပါတယ်။

ဘရာဇီးနဲ့ အေစီမီလန်ကစားသမားဟောင်း ကာကာဟာ ဘလွန်းဒီအောဆုကို ၂၀၀၇ ခုနှစ်ကနောက်ဆုံးရရှိခဲ့တာဖြစ်ပြီး အဲဒီနောက် ၂၀၀၈ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိဆယ်စုနှစ်တစ်စုကြာမှာမက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့က ဘလွန်းဒီအောဆုကို ငါးကြိမ်စီရယူနိုင်ခဲ့ကာ လွှမ်းမိုးထားနိုင်ခဲ့တာဖြစ်ပါတယ်။

နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းကနေ ဂျူဗင်တပ်အသင်းကိုပြောင်းရွှေ့သွားတဲ့ စီရိုနယ်လ်ဒိုကတော့ အခုဘလွန်းဒီအောဆုအတွက် ရွေးချယ်ရာမှာ ဒုတိယနေရာနဲ့သာကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ ပြင်သစ်နဲ့အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းကတတိယ၊ ပြင်သစ်နဲ့ ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီကစတုတ္ထ၊ အာဂျင်တီးနားနဲ့ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကပဥ္စမ၊ အီဂျစ်နဲ့လီဗာပူး တိုက်စစ်မှူး မိုဟာမက်ဆာလာကဆဋ္ဌမ စသဖြင့် အသီးသီးရပ်တည်ခဲ့တာဖြစ်ပါတယ်။

ဘလွန်းဒီအောဆုကို ၁၉၅၆ ခုနှစ်ကနေစတင်ပြီး နှစ်စဉ်နှစ်တိုင်း ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပြီး အဲဒီဆုကို အင်္ဂလန်ကစားသမား စတန်လေမက်သရူးက ပထမဆုံးရရှိခဲ့တာဖြစ်ပါတယ်။ ဘလွန်းဒီအောဆုကိုဥရောပကစားသမားများကိုသာပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပြီး ၂၀၀၇ ခုနှစ်ကနေစပြီး ကမ္ဘာ့ကျန်ရှိတဲ့နိုင်ငံများမှ ကစားသမားများကို စတင်ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။

ဘလွန်းဒီအောဆုအတွက် ပြင်သစ်မဂ္ဂဇင်းမှ အယ်လ်ဒီတာအဖွဲ့က ကစားသမား ၃၀ ဦးစာရင်းကိုရွေးထုတ်ခဲ့တာဖြစ်ပြီး အဲဒီကစားသမားများထဲကနေ ဘလွန်းဒီအောဆုရှင်တစ်ဦးကိုရွေးချယ်ရာမှာတော့ နိုင်ငံတစ်နိုင်ငံစီတိုင်းက ကိုယ်စားလှယ်တစ်ဦးစီအပါအဝင် ကမ္ဘာတစ်ဝန်းမှ သတင်းစာဆရာများက မဲပေးရွေးချယ်ခဲ့ကြတာဖြစ်ပါတယ်။

၂၀၀၇ ခုနှစ်ကနေ အခု ၂၀၁၈ ခုနှစ်အထိဘလွန်းဒီအောဆုရရှိခဲ့သည့် ကစားသမားများကို ဖော်ပြရမယ်ဆိုရင် ၂၀၀၇ ခုနှစ်က ကာကာ၊ ၂၀၀၈ ခုနှစ်က စီရိုနယ်လ်ဒို၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ ခုနှစ်တို့မှာ မက်ဆီ၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်မှာ စီရိုနယ်လ်ဒို၊ ၂၀၁၅ ခုနှစ်မှာ မက်ဆီ၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ်မှာ စီရိုနယ်လ်ဒိုရရှိခဲ့ပြီး ယခု ၂၀၁၈ ခုနှစ်မှာတော့လူကာမိုဒရစ်က ရရှိခဲ့တာဖြစ်ပါတယ်။




## ဘောလုံးထောက်ခံသူများအဖွဲ့၏တစ်နှစ်တာအကောင်းဆုံးဆု လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလာဆွတ်ခူး

လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ဘောလုံးထောက်ခံသူများအဖွဲ့ (FSF) ၏ ၂၀၁၈ ခုနှစ် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အီဂျစ်တိုက်စစ်မှူး ဆာလာဟာ ပရိသတ်မဲပေးမှု ၃၆၆၀၀၀ ရရှိခဲ့တာဖြစ်ပြီး အခြားသော ကစားသမားများဖြစ်ကြတဲ့ အဂူရို၊ ဏာတာလင်၊ ဗအဒင်ဟာဇက်၊ မာကွီယာ၊ လီဗာပူးအသင်းဖော် ဗန်ဒိုက်တို့ကို ကျော်ဖြတ်ပြီး အခုဆုကိုရရှိခဲ့တာဖြစ်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ မိုဟာမက်ဆာလာဟာ ၂၀၁၈ ခုနှစ်အတွင်းမှာလီဗာပူးအသင်းကို ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲ ရောက်အောင်စွမ်းဆောင်ပေးခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာလည်း လီဗာပူးအသင်းအတွက်ပွဲ ၂၀ မှာ ကိုးဂိုးသွင်းယူထားခဲ့တာဖြစ်ပါတယ်။ မိုဟာမက်ဆာလာအတွက် လီဗာပူးအသင်းနဲ့အတူ တတိယမြောက်ရယူနိုင်ခဲ့တဲ့ ကစားသမားဖြစ်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ လူးဝစ်ဆွာရတ်ဇ်၊ ၂၀၁၆ ခုနှစ်မှာတော့ ကော်တင်ဟိုက ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်ကတော့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက ရရှိခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု (ဘလွန်းဒီအောဆု)မှာတော့ မက်ဆီရဲ့နောက်မှာ ရပ်တည်ခဲ့တာဖြစ်ပါတယ်။

## နေးရှင်းလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ အင်္ဂလန်နဲ့ နယ်သာလန်တွေ့မည်

အင်္ဂလန်အသင်းဟာ ၂၀၁၉ ခုနှစ် ဇွန်လ ၆ ရက်မှာ ပေါ်တူဂီနိုင်ငံ ဂွီမာရေ့စ်မြို့တွင် ကျင်းပမည့် နေးရှင်းလိဂ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်မှာ နယ်သာလန်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။ အိမ်ရှင်ပေါ်တူဂီအသင်းကတော့ ဇွန် ၅ ရက်မှာ အခြားသော ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ပေါ်တိုမြို့ရဲ့ အက်စတေဒီယိုဒိုဒရာဂါအိုကွင်းမှာ ဆွစ်ဇာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ အဆိုပါ နေးရှင်းလိဂ်ပြိုင်ပွဲမှ ပထမရရှိတဲ့အသင်းဟာ ဆုကြေးငွေအဖြစ် ပေါင် ၆ ဒသမ ၇ သန်းရရှိမှာဖြစ်ပြီး စတုတ္ထရရှိတဲ့အသင်းက ပေါင် ၄ သန်းရရှိမှာဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်အဆင့်အထိတက်လှမ်းနိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ အခုနေးရှင်းလိဂ်ပြိုင်ပွဲရဲ့အုပ်စုအဆင့်မှာ နာမည်ကြီးအသင်းနှစ်သင်းဖြစ်တဲ့ ခရိုအေးရှားအသင်းနဲ့စပိန်အသင်းတို့ကို ကျော်ဖြတ်ပြီး အင်္ဂလန်အသင်းကဆီမီးဖိုင်နယ်အဆင့်တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။ နည်းပြဆောက်ဂိတ်ရဲ့ အင်္ဂလန်အသင်းနဲ့ နည်းပြရော်နယ်လ်ကိုးမန်းရဲ့ နယ်သာလန်အသင်းတို့ဟာ ယူရို ၉၆ ပြိုင်ပွဲနောက်ပိုင်း ပထမဆုံးအကြိမ် ထိပ်တိုက်တွေ့ဆုံမှုလည်းဖြစ်ပါတယ်။ နယ်သာလန်ဟာ တစ်အုပ်စုတည်းကျရောက်ခဲ့တဲ့ ဂျာမနီကိုကျော်ဖြတ်ပြီး ဆီမီးတက်ခဲ့တာဖြစ်ပြီး ဆွစ်ဇာလန်ကလည်း ဘယ်လ်ဂျီယံကိုကျော်ဖြတ်ကာ ဆီမီးတက်ခဲ့တာပါ။ ယူရို ၂၀၁၆ ချန်ပီယံပေါ်တူဂီကတော့ ပိုလန်နဲ့အီတလီကိုကျော်ဖြတ်ပြီး ဆီမီးတက်ခဲ့တာဖြစ်ပါတယ်။ နေးရှင်းလိဂ်ပြိုင်ပွဲကို နိုင်ငံပေါင်း ၅၅ နိုင်ငံမှ အသင်းတွေနဲ့ စက်တင်ဘာလမှာစတင်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲကနေ ယူရို ၂၀၂၀ ပြိုင်ပွဲကိုလည်း ဝင်ခွင့်ရမယ့်အခွင့်အရေးလည်း ရရှိမှာဖြစ်ပါတယ်။








## လိုင်ယွန်အမျိုးသမီးအသင်းတိုက်စစ်မှူး ဟီဂါဘတ် အမျိုးသမီးဘလွန်းဒီအောဆုဆွတ်ခူး

လိုင်ယွန်အမျိုးသမီးအသင်းတိုက်စစ်မှူး ဟီဂါဘတ်ဟာ ပထမဆုံးအကြိမ် အမျိုးသမီးဘလွန်း ဒီအောဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ အသက် ၂၃ နှစ်သာရှိသေးတဲ့ ဟီဂါဘတ်ဟာ ကီယက်ဗ်မြို့မှာ ယှဉ်ပြိုင်ခဲ့တဲ့ ယခုနှစ်ရဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲမှာ လိုင်ယွန်အသင်းက ဝုလ်ဘတ်အသင်းကို လေးဂိုး- တစ်ဂိုးနဲ့နိုင်ခဲ့ရာမှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ အမျိုးသမီးဘလွန်းဒီအောဆုမှာ ဟီဂါဘတ်ကပထမ၊ ဝုလ်ဘတ်အသင်းနဲ့ ဒိန်းမတ်အသင်းတို့ရဲ့တိုက်စစ်မှူး ပါနီလ်လီဟာဒါက ဒုတိယ၊ လိုင်ယွန်အသင်းနဲ့ ဂျာမနီအသင်းတို့ရဲ့ ကွင်းလယ်ကစားသမား မာရော့ဇ်ဆန်က တတိယအသီးသီးရရှိခဲ့ကြပါတယ်။ အဲဒီဆုအတွက်သတင်းစာဆရာများက မဲပေးရွေးချယ်ခဲ့တာဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးအမျိုးသမီးကစားသမားအဖြစ် ဟီဂါဘတ်ကို အသိအမှတ်ပြုခဲ့တာဖြစ်ပါတယ်။



# ဖက်ရှင်လျှောက်လမ်းတွေပေါ် ပြန်လည်ရောက်ရှိလာတဲ့ ဟေးလေးဘော်ဝင်န်



ကျော်ကြားတဲ့ မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဟေးလေးဘော်ဝင်န်ဟာ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ လက်ထပ်ခဲ့ပြီးနောက် လတ်တလောမှာတော့ ဖက်ရှင်ပြပွဲတစ်ခုမှာ ပါဝင်လျှောက်လှမ်းခဲ့တာတွေ့ရပါတယ်။ ပေါ့ပ်ကြယ်ပွင့်နဲ့လက်ထပ်ပြီးနောက်ပိုင်း ဟေးလေးဘော်ဝင်န်အနေနဲ့ ပထမဆုံးအကြိမ်အဖြစ် ဖက်ရှင်လျှောက်လမ်းတွေပေါ် ပြန်လည်တက်လှမ်းလာခဲ့တာဖြစ်ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က နယူးယော့ခ်မြို့တော်မှာ ပြုလုပ်ခဲ့တဲ့ "the Versace Pre-Fall 2019"ဖက်ရှင်ပြပွဲမှာ ဟေးလေးဘော်ဝင်န် ပါဝင်လျှောက်လှမ်းခဲ့တာပါ။ ဖက်ရှင်ပြပွဲမှာ ပါဝင်ခဲ့ပြီးနောက် အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟေးလေးဘော်ဝင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အသင့်စားအစားအစာကို ဝယ်ယူစားသုံးနေရကြောင်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# တေးအယ်လ်ဘမ်သစ်အတွက် အဖွဲ့လိုက်ဓာတ်ပုံကို ထုတ်ဖော်ပြသလာတဲ့ EXO

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO"ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ အဖွဲ့လိုက်ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့တာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ငါးခုမြောက်တေးအယ်လ်ဘမ်အတွက် အဖွဲ့လိုက်ဓာတ်ပုံကို ထုတ်လွှင့်ပြသခဲ့တာဖြစ်ပြီး ယင်းဓာတ်ပုံမှာတော့ အဖွဲ့ဝင် လေးကလွဲလို့ ကျန်အဖွဲ့ဝင်များအားလုံး ပါဝင်နေတာ တွေ့ရကာ အဖြူ အမည်းနဲ့ ရိုက်ကူးထားတာဖြစ်ပါတယ်။

လာမယ့် ဒီဇင်ဘာ ၁၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမယ့် တေးအယ်လ်ဘမ်သစ်ဟာ တေးသီချင်းဟောင်းတွေကို ပြန်လည်စုစည်းထားတဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ထုတ်လွှင့်ခဲ့တဲ့ "Don't Mess Up My Tempo" ကို ပြန်လည်ဆန်းသစ်သွားမယ့် တေးအယ်လ်ဘမ်သစ်မှာ တေးသီချင်း ၁၅ ပုဒ်ပါဝင်မှာဖြစ်ပြီး အဲဒီအထဲက လေးပုဒ်ကတော့ တေးသီချင်းသစ်တွေဖြစ်တယ်လို့ သိရပါတယ်။



# ပထမဆုံးအကြိမ် တွေ့ဆုံကြတဲ့ ဟွန်ဘင်းနဲ့ ပါ့ခ်ရှင်ဟေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသား မင်းသမီးတွေဖြစ်ကြတဲ့ ဟွန်ဘင်းနဲ့ ပါ့ခ်ရှင်ဟေး တို့ဟာ အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပါဝင်ထားကြတာဖြစ်ပါတယ်။ လတ်တလောမှာတော့ အဆိုပါဇာတ်လမ်းတွဲအတွက် စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်ခဲ့ရာမှာတော့ အဓိကဇာတ်ဆောင်နှစ်ဦးစလုံး ပါဝင်ထားကြတာဖြစ်တယ်လို့ ဟာန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

tvN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲ "Memories of the Alhambra" မှာ အဓိကဇာတ်ဆောင်တွေအဖြစ် ပါ့ခ်ရှင်ဟေးနဲ့ ဟွန်ဘင်းတို့ တွဲဖက်ပါဝင်ထားကြတာပါ။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာတော့ အဆိုပါဇာတ်လမ်းတွဲရဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲကို ဆိုးလ်မှာ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒီဇာတ်လမ်းတွဲဟာ ကြယ်ပွင့်နှစ်ဦးရဲ့ အနုပညာသက်တမ်း ၁၅ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဇာတ်လမ်းတွဲတစ်ခုကို တွဲဖက်ရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲကိုတော့ စပိန်မှာ အခြေခံထားတာ ဖြစ်ပါတယ်။ ဟွန်းဘင်းရဲ့ ဇာတ်ကောင်ဟာ ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတဲ့ စီးပွားရေးသမားတစ်ဦး ဖြစ်ပါတယ်။ သူဟာ အလုပ်ကိစ္စနဲ့ စပိန်ကို သွားရောက်ခဲ့ရာမှာတော့ အဲဒီမှာ ဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်နေတဲ့ ပါ့ခ်ရှင်ဟေးရဲ့ ဇာတ်ကောင်နဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဟွန်ဘင်းရဲ့ ဇာတ်ကောင်တည်းခိုရာ ဟိုတယ်မှာ စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး သေနတ်ပစ်ခတ်မှုတွေ ပါဝင်နေတဲ့ကိစ္စမှာလည်း ပါဝင်ပတ်သက်ခဲ့ကြသူတွေ ဖြစ်တယ်လို့ သိရပါတယ်။

ဒီဇာတ်လမ်းတွဲ ရိုက်ကူးခဲ့တာနဲ့ပတ်သက်ပြီး ဟွန်ဘင်းက သူပါဝင်ထားရတဲ့ ဇာတ်ကောင်ဟာ သူရင်းနှီးကျွမ်းဝင်တဲ့ နယ်ပယ်ကမဟုတ်တာကြောင့် အစပိုင်းမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပြီး နောက်ပိုင်းမှာတော့ အဆင်ပြေခဲ့ရကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ပါ့ခ်ရှင်ဟေးဟာ အလုပ်ကြိုးစားသူ၊ ထက်မြက်သူဖြစ်ကြောင်း ချီးကျူးပြောဆိုခဲ့တယ်လို့လည်း သိရပါတယ်။ ပါ့ခ်ရှင်ဟေးကတော့ ဟွန်ဘင်းနဲ့ ဇာတ်ကားရိုက်ကူးရေး စတင်သည်အထိ ရင်းနှီးကျွမ်းဝင်မှုမရှိခဲ့ကြောင်း၊ နောက်ပိုင်းမှာတော့ နိုင်ငံရပ်ခြားမှာ နှစ်ဦးအတူ အလည်အပတ်ထွက်ကြရင်း အချိန်တိုအတွင်း ရင်းနှီးလာခဲ့ကြောင်း ရင်ဖွင့်ခဲ့တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာတော့ အဆိုပါဇာတ်လမ်းတွဲကို ထုတ်လွှင့်ပြသနေပြီဖြစ်ကာ ကြည့်ရှုသူပရိသတ်များတဲ့ ရုပ်ရှင်တစ်ကားလည်းဖြစ်ပါတယ်။ ဒီရုပ်ရှင်ရဲ့ ပထမဆုံးအပိုင်းကိုတော့ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်ပြသသွားမှာလည်း ဖြစ်ပါတယ်။ လတ်တလောထုတ်လွှင့်ပြသခဲ့တဲ့ အပိုင်းမှာတော့ ပါ့ခ်ရှင်ဟေး ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ အလွန်အလုပ်များသူတစ်ဦးဖြစ်တာ တွေ့ရပါတယ်။ တစ်နေ့ ၂၄ နာရီထက် ပိုမိုလိုအပ်နေတာကိုလည်း တွေ့ရပါတယ်။

ဒီဇာတ်လမ်းတွဲဟာ အဖွင့်သီတင်းပတ်အတွင်း ပရိသတ်များခဲ့ပါတယ်။ ဒါပေမယ့် အပြိုင်ထုတ်လွှင့်ပြသနေတဲ့ မင်းသမီး ဆောင်းဟေကိုနဲ့ မင်းသား ပါ့ခ်ဘိုဂန်းတို့ရဲ့ ဇာတ်လမ်းတွဲ "The Encounter"ဟာလည်း ပရိသတ်များတဲ့ ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရပါတယ်။



အေးပြည့် – စုစည်းသည်

# အတူတွဲဖက်ဖျော်ဖြေခဲ့ကြတဲ့ ဘီယွန်းစေးနဲ့ အက်ဒ်ရှီရန်



ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဘီယွန်းစေးနဲ့ အက်ဒ်ရှီရန်တို့ဟာ လတ်တလောကျင်းပခဲ့တဲ့ "Global Citizen Festival"ပွဲတော်မှာ "Perfect"တေးသီချင်းကို အတူတွဲဖက်ဖျော်ဖြေခဲ့ကြကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က တောင်အာဖရိကမှာ ပြုလုပ်ခဲ့တဲ့ အဆိုပါပွဲတော်မှာ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ဒ်ရှီရန်ရဲ့ ကျော်ကြားတဲ့ တေးသီချင်း "Perfect "ကို ဘီယွန်းစေးက တွဲဖက်ကာ အားဖြည့်သီဆိုခဲ့တာဖြစ်ပါတယ်။ ဘီယွန်းစေးနဲ့ အက်ဒ်ရှီရန်တို့ဟာ ဂီတခရီးတစ်လျှောက် ယခင်ကလည်း အောင်မြင်တဲ့ တေးသီချင်းများစွာကို တွဲဖက်ဖျော်ဖြေခဲ့ကြဖူးသူတွေလည်း ဖြစ်ကြောင်း သိရပါတယ်။

# ပိုမိုအတွဲများလာတဲ့ လီယိုနာဒိုဒီကာပရီယိုနဲ့ ကမ်မီလာမော်ရုန်း

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား လီယိုနာဒိုဒီကာပရီယိုနဲ့ သူ့ရဲ့ချစ်သူ ကမ်မီလာမော်ရုန်းတို့ဟာ ယခုရက်ပိုင်းမှာတော့ ပိုမိုအတွဲများလာခဲ့တာကိုတွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။ သူတို့နှစ်ဦးနဲ့ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားကာ ဖော်ပြခဲ့ရာမှာတော့ သူတို့နှစ်ဦးအကြား ဆက်ဆံရေးဟာ ယခင်ကထက် ပိုမိုလေးနက်လာခဲ့ကြောင်းလည်း သိရပါတယ်။

အသက် ၄၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လီယိုနာဒိုဒီကာပရီယိုနဲ့ ၂၁ နှစ်အရွယ် ကမ်မီလာမော်ရုန်းတို့ဟာ လတ်တလောမှာ ပိုမိုအတွဲများလာခဲ့တဲ့အပြင် သူတို့နှစ်ဦးဟာ မော်ရုန်းရဲ့ မိခင်ဖြစ်သူနဲ့ပါ အချိန်တွေ ကုန်ဆုံးခဲ့တာကိုလည်း တွေ့ရပါတယ်။ အချို့သော သတင်းရင်းမြစ်ရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ နှစ်ဖက်အသိုင်းအဝိုင်းနဲ့ တရားဝင်သိကျွမ်းခဲ့ကြပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ မော်ရုန်းရဲ့မိခင်ဖြစ်သူ အာဂျင်တီးနားမင်းသမီးတစ်ဦးဖြစ်တဲ့ လူစီလာဆိုလာဟာလည်း ဟောလိဝုဒ်ထိပ်တန်းကြယ်ပွင့် အာပါစီနိုနဲ့ ချစ်သူတွေအဖြစ် လက်တွဲနေတာဖြစ်တယ်လို့ သိရပါတယ်။

**Lin** ပြင်ဦးလွင်ပန်းပွဲတော်ခရီး

- ပြင်ဦးလွင်ပန်းပွဲတော်၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း(၃)ရက် (Dec21,28) 50000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲတောင်၊ ကျိုက်ဒေါက်(၅)ရက် (Dec21,28) 70000
- ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ဖြိတ်၊ မော်လမြိုင်(၅)ရက် (Dec21,28) 90000
- မြောက်ဦး၊ မဲဇောက်(၅)ရက် (Dec21,28) 90000
- (Dec8) 20000

09-897677893, 09-400233301~2

ခေတ်ရွှေဆောင်
09-449250191
09-773337137
Dec 21,28
Jan-3

အညာသိဟတောလေးလုံးတောင်အင်းတော်ကြီးမြစ်ကြီးနားမြစ်ဆုံရွှေမိုးတောင်
ထိန်ချုံးဖုန့်ဝံ့တားနင်ပြိုးဝက်ယန်

ဂယာရွှေပြည် ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့

Jan-5 ရက်နေ့ထွက်မည့် အိန္ဒိယ၊ နီပေါ (၁၄)ညအိပ် (၁၅)ရက်ခရီး
နေရာစုံခရီးစဉ်ကို ဓါတ်ခင်းဝင်းတိဂွးဇနှ Special Promotion အဖြစ်
(၁)ဦးလျှင် (USD 700$ + MMK 100000Ks)ဖြင့် အထူးပို့ဆောင်ပေးပါမည်။
ပုံမှန်(၁၅)ရက်ခရီးစဉ်များ - $ 750 + 2 သိန်း
(ဇန်နဝါရီ ၂၃) (ဖေဖော်ဝါရီ ၉၊ ၂၇) (မတ် ၁၅)
(၇)ရက်ခရီးစဉ် - ဧပြီ ၁၃ (သင်္ကြန်ပိတ်ရက်)
သီရိလင်္ကာ(၇)ရက်ခရီးစဉ် - (ဒီဇင်ဘာ ၁၊ ၂၃)(Hotel) $ 1350
ဖုန်း- ၀၁-၂၂၁၅၈၆၊ ၀၉-၈၅၃၈၃၉၀၇၀၊ ၀၉-၄၂၃၉၄၃၉၅၄

ရတနာဘုမ်ိ ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး



၁၄-ည၊ ၁၅-ရက် ၂၄-ဒီဇင်ဘာ-၂၀၁၈ ၁၂.၅ သိန်း
၃-ည၊ ၄-ရက် ၂၁-ဒီဇင်ဘာ-၂၀၁၈ ၇.၅ သိန်း
၇-ည၊ ၈-ရက် ၁၁-ဧပြီလ-၂၀၁၉ 1050 $ Hotel package

အမှတ် ၁၁၃/၁၁၅၊ ပထမထပ်၊ ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
Tel : 01-201334, 09-5069882, 09-73029315, 09-73146696, 09-5158074,

ရွှေလမ်းခရီး...မှ

**Hotel Package Tour** ခရီးစဉ်များ ........... Dec 7,14,21,28

| | |
|---|---|
| ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ | 130,000 Ks |
| မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ | 150,000 Ks |
| တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော | 150,000 Ks |
| တောင်ကြီး၊ အင်းလေး၊ ကျိုက်ထော် | 180,000 Ks |
| ကယားပြည်နယ် - ကျိုက်ထော်၊ ဘီလှော်ဆို | 95,000 Ks |
| ထားဝယ် (ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန် | 180,000 Ks |
| မြဝတီ၊ မဲဆောက်၊ ဘားအံ | 100,000 Ks |

09 423423377, 09 423423388, 09 423423399

မြန်မာမြတ်ချယ်ရီ Travel & Tours
01-551240, 09-5003647

- ဂျပန်ခရီးစဉ် Feb 14-20 (၇)ရက် $ 1690
- မလေးရှားခရီးစဉ် Jan 3-6 (၄)ရက် $ 399
- ဟန္နွိုင်း-ဟာလောင်း Jan 24-27 (၄)ရက် $ 350
- ကိုရီးယားခရီးစဉ် Mar 17-21 (၅)ရက် $ 898

Fb: Myanmar Myat Cherry Travel & Tours

မင်းကျန်စစ် ပြည်တွင်း-ပြည်ပခရီးသွားလုပ်ငန်း နှင့် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
ဖုန်း - ၀၁ ၈၅၆၆ ၇၁၃ - ၇၁၄၊ ၀၉ - ၂၅၄ ၂၆၃ ၃၅၇၊

ဗုဒ္ဓဂယာ
- ၇ ညအိပ် ၈ ရက် ➤ March (22), Apr...
- ၁၄ ညအိပ် ၁၅ ရက် ➤ Jan (11)...

ထွက်ခွာမည့်ရက်များ ➤ Dec (8, 15, 22, 29) ➤ Jan (4, 12, 19, 26)

(၆ ညအိပ် ၇ ရက်) ➔ သီရိလင်္ကာ ခရီးစဉ်
(၄ ညအိပ် ၅ ရက်) ➔ ရန်ကုန် - တာချီလိတ် - မယ်ဆိုင် - ချင်းမိုင် - ချင်းရိုင်ခရီးစဉ်
(၃ ညအိပ် ၄ ရက်) ➔ ဟောင်ကောင်ခရီးစဉ် ● ဘန်ကောက်ခရီးစဉ် ● စင်္ကာပူခရီးစဉ် ● လာအိုခရီးစဉ် ● ချင်းမိုင်-ချင်းရိုင်ခရီးစဉ် ● ကမ္ဘောဒီးယားခရီးစဉ် ● ဗီယက်နမ်ခရီးစဉ်

အမှတ်-၁၀/က၊ ပထမထပ်၊ ပြည်သာယာလမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

နေမကောင်းလျှင်
ရွှေမင်းမြင့် အမှတ်တံဆိပ်
ဒွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ
TMR.002348(1019)
အအေးမိ ကိုယ်လက်ကိုက်ခဲခြင်းနှင့် တုပ်ကွေးရောဂါများကိုပျောက်ကင်းစေပါသည်။
မြန်ရှိရေး-အမှတ်(၁၀၂)၊(၃၀)လမ်း၊ ဆောက်၊ ရန်ကုန်မြို့။




VAC® VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

Visit To: www.vacjobsearch.com ...See More Job Detail

- Spa & Fitness Manager - Hotel - Thai Co - 1,500,000/-Ks — M/F(1)
- Pastry Chef - Hotel - Thai Co - 1,500,000/-Ks — M(1)
- Production Manager - Garment - Hong Kong Co - USD 1200 — M(1)
- Production / Floor Manager - Shoe Manufacturing - USD 1000 — M(1)
- QA / QC Supervisor - Manufacturing (Steel) - Foreign Co - 1,800,000/-Ks — (1)
- Production Supervisor - Manufacturing (Steel)- Foreign Co-1,500,000/-Ks — (1)
- Sr QC Executive - Garment - USD1,500 — M/F(1)
- QC Supervisor - Garment - SG Co - 500,000/-Ks — F(1)
- Procurement Team Leader - Japanese Co - 800,000/-Ks — M/F(1)
- Procurement Officer - Battery - Japan Co - Thilawa - 500,000/-Ks — M(1)
- Site Store Supervisor - Foreign Engineering Co - 350,000/-Ks — M(1)
- Chief Engineer - Hotel - Thai Co - USD1,500 — M(1)
- Chief Engineer - Construction - Japan Co - 2,000,000/-Ks — M(1)
- Chief Maintenance Engineer - Japan Co - 1,200,000/-Ks — M(1)
- Resident Engineer - Property Development - SG Co - 1,000,000/-Ks — M(1)
- Sr M & E Engineer - Japan Co - USD 1200 — M(2)
- Site Engineer - Telecommunication Co - 400,000/-Ks — M(1)
- HR Manager - Trading - Japanese Co - USD 1200 — M(1)
- Office Secretary - Japanese Co - Oaktwin - Bago - 700,000/-Ks — M/F(1)
- Secretary - Japanese Company - 600,000/-Ks — F(1)

How To Apply: Please email to CV@vacjobsearch.com Or vacjobsearch@gmail.com with your Microsoft Word CV file and job title and job Ref No. in subject line.
Phone: 01-395921, 01-395922, 09-73022727, 09-5102094

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ရုပ်ရှင်ဒါရိုက်တာ

### ဦးခင်ဇော် (ဖျာပုံမြို့)

### အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်လမ်း၊ အမှတ်(၁-D)၊ သာယာရွှေပြည်ရိပ်မွန်နေ (ဦးရှုစွမ်-ဒေါ်ချစ်)တို့၏သား၊ (ဦးခင်မောင်ကြီး-ဒေါ်ခင်အေး)တို့၏သားသမက်၊ (ဦးမြင့်-ဒေါ်မြင့်မြင့်)တို့၏ မောင်၊ (ဦးတင်မောင်အေး)-ဒေါ်သောင်းတင်တို့၏အစ်ကို၊ ဒေါ်လှလှမြတ်၏ ချစ်လှစွာသောခင်ပွန်း၊ ရဲထွဏ်းဇော်-မော်မော်၊ သန်းထွန်းဇော်(ဒါရိုက်တာ မိုက်တီး)၊ ဇော်ဝင်းမောင်-ချစ်ချစ်ဇော်၊ လင်းဇာနည်ဇော်တို့၏ဖခင်၊ မြူလင်းကိုကို၊ မိုးမြင့်ခန့်တို့၏အဘိုးသည် ၃-၁၂-၂၀၁၈ ရက် ည ၁၁း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်ရွှေယုံ

### အသက် (၉၁) နှစ်

သူငယ်ချင်း မလှလှအေး[(စာကလေး) 1983-Mech:]၏ မိခင်ကြီးသည် ၃-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**(၁၉၈၀-၈၃) ခုနှစ်များအတွင်းမှ ကျောင်းနေဖက်**
**စက်မှုအင်ဂျင်နီယာသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန်ဒါယကာကြီး

### ဦးအုန်းဟန် (ရခိုင်ရိုးကြီး)

**(အောင်လင်း-စက်မှုလက်မှု၊ ရှပ်၊ သက်န်းယက်တံဆိပ်လုပ်ငန်း)**

သူငယ်ချင်း ကိုအောင်မြတ်ငြိမ်း (83-Mech:)-မတင်တင်ဝင်းတို့၏ဖခင်ကြီးသည် ၂-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်**
**(၁၉၈၀-၈၃) ခုနှစ်များအတွင်းမှ**
**ကျောင်းနေဖက်စက်မှုအင်ဂျင်နီယာ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးလှရွှေ

### အသက်(၇၂)နှစ်

**မြန်မာ့လေကြောင်း(ငြိမ်း)၊ EVA AIRLINE (General Manager)**
**GOLDEN MYANMAR AIRLINE (Consultant)**

Columbus မိသားစု၏ ချစ်ခင်လေးစားရပါသော ဆရာကြီး ဦးလှရွှေသည် ၂-၁၂-၂၀၁၈ရက် နံနက် ၉း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Columbus Travels & Tours မိသားစုနှင့်**
**CVEC သင်တန်းကျောင်းမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မာလာ

**ဦးစီးအရာရှိ(ငြိမ်း) သမဝါယမဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်**

### အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အရှေ့ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၂၉)နေ ဦးမောင်မောင်ကြည် ဒုတိယအထွေထွေမန်နေဂျာ၊ ဗဟိုသမဝါယမအသင်းလီမိတက် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်)၏ဇနီး ဒေါ်ခင်မာလာသည် ၃၀-၁၁-၂၀၁၈ ရက် နံနက် ၁ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**ဗဟိုသမဝါယမအသင်းလီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာသောင်းလှ

**မြန်မာနိုင်ငံ ဆေးပညာရှင်များ ကောင်စီဝင်**
**ညွှန်မှူး(ငြိမ်း)၊ ဆေးသုတေသန**

### အသက်(၆၃)နှစ်

ဒေါ်ဥမ္မာလွင် (သုတေသနမှူး၊ ငြိမ်း၊ ဆေးသုတေသန)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာသောင်းလှ (ညွှန်မှူး-ငြိမ်း၊ ဘက်တီးရီးယားဌာန၊ ဆေးသုတေသနဦးစီးဌာန)သည် ၁-၁၂-၂၀၁၈ ရက် (စနေနေ့) ည တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးခင်မောင်ဝင်း (အသည်းအထူးကုဆရာဝန်ကြီး)**
**နှင့် ဇနီး ဒေါက်တာဒေါ်ခင်လေးရီ**

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇေယျသုခသိမ်တော် ဒါယိကာမကြီး

### ဒေါ်မြစိန် (မော်လမြိုင်)

### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ ကံ့ကော်လမ်း၊ ခြံအမှတ် (B-၁၄)နေ [ဦးလှစိန်(ညွှန်မှူး-ငြိမ်း၊ စက္ကူစာတု)]၏ဇနီး၊ ပါမောက္ခ Dr.မာလာဝင်း၊ ဗိုလ်ချုပ်တင်မောင်ဝင်း-ဒေါ်တင်လေးနွယ်၊ (ဦးငွေဝင်း)၊ ဒေါ်စန်းစန်းဝင်း၊ ဦးမြင့်အောင်၊ ဒေါ်သက်သက်တင်၊ ဒေါ်လှလှရွှေ၊ ဦးသန်းထွန်းဦး၊ ဦးသန်းထွန်းအောင်-ဒေါ်တင့်တင့်အောင်၊ Capt.သန်းထွန်းဝင်းတို့၏ကြီးကြီး ဇေယျသုခသိမ်တော် ဒါယိကာမကြီး ဒေါ်မြစိန်(မော်လမြိုင်)သည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၄း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမျိုးဝင်း

**လောကနတ်တံဆိပ်ရိုက်လုပ်ငန်း**

### အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၄)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးညွန့်မောင်-ဒေါ်ခင်အုန်းမြင့်)တို့၏သား၊ (ဦးအောင်သိန်း)-ဒေါ်တင်ရီတို့၏ သားသမက်၊ (ဦးဇင်မျိုး-ဒေါ်နွယ်နီ)၊ ဦးမျိုးမင်းညွန့်-ဒေါ်ခင်မာချို၊ ဒေါ်သီဂီ၊ (ဦးလှကြိုင်-ဒေါ်လဲ့လဲ့ခင်)၊ ဦးခင်မောင်လွင်တို့၏ညီ/မောင်၊ ဦးထွန်းဝေ-ဒေါ်စန္ဒာ၊ ဦးကိုကိုနိုင်-ဒေါ်မြသန်းတင်၊ ဦးခင်မောင်ညွန့်-ဒေါ်ထွေးထွေးထွဋ်၊ ဦးခင်မောင်ထွေး-ဒေါ်နီနီမာ၊ ဒေါ်မော်မော်အောင်၊ (ဦးဝင်းနိုင်)-ဒေါ်တင်မိုးခိုင်တို့၏ အစ်ကို၊ ကိုမျိုးထက်အောင်၊ (ကိုမျိုးထွဋ်ဇော်)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်စန်းစန်းရီ၏ ချစ်လှစွာသောခင်ပွန်း ဦးမျိုးဝင်း(လောကနတ်တံဆိပ်ရိုက်လုပ်ငန်း)သည် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ဦးသန်းစိန်(ခ)ဒေါ်စိန်

**(စစ်တွေ)**

### အသက် (၅၉) နှစ်

စစ်တွေမြို့၊ ရွာကြီးမြောက်၊ ရွာကြီး လမ်းနေ (ဦးထွန်းမြအောင်)-ဒေါ်ဖြူကြီးတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၂၁)၊ အခန်း(၃၉)နေ ဦးမောင်ထွန်းတင်၏ဇနီး၊ ဦးစိုးသန်းနိုင်-ဒေါ်ခင်မျိုးဦး၊ ဦးမြင့်ဇော်ဦး-ဒေါ်ခင်မာထွန်း၊ ဖြိုးကျော်လွင်တို့၏မိခင်၊ မချိုဇင်သိမ့်(ဒု-နှစ်၊ ဆေး-၁)၊ မောင်ဟိန်းထက်ဖြိုး(Grade-9, TTC)၊ ယွန်းဖူးထက်(NELC)တို့၏ချစ်လှစွာသော အဘောင်ရှင်သည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြည်ရိပ်မွန်အိမ်ရာ၊ ကံ့ကော်ပင်ပရိယတ္တိ စာသင်တိုက်ဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးချစ်စန်

### အသက် (၈၇) နှစ်

ဒေါက်တာစုစုနိုင် (ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဖခင်ကြီးသည် ၂-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။

**တက္ကသိုလ်များသမိုင်း**
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်သန်း

### အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဦးလှော်ခြံလမ်း၊ အမှတ်(၂၀)နေ ဦးမျိုးနိုင်-ဒေါ်သန်းသန်းဦးတို့၏ ဖခင်ဖြစ်သူသည် ၁-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသန်းထွန်းဦး-ဒေါ်ထိုက်ထိုက်ဦး**
**သိန်းသန်းစက်မှုလက်မှု ၇၇၇ ခြေတုလက်တုလုပ်ငန်း**
**မင်္ဂလာဒုံ**

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### အလ်ဟဂ်ျ ဟာဂျီဦးတင်အေး

**ဌာနစုမှူး (ငြိမ်း)၊ ရေသန့်၊**
**မြို့တော်စည်ပင်**

### အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ (၉၄)လမ်း၊ အမှတ်(၃၁)၊ သုံးလွှာနေ ဟာဂျီမဒေါ်ညိုညို၏ခင်ပွန်း၊ ကိုညီညီအောင်-ဒေါက်တာဝင်းမာလာမိုး(လပွတ္တာပြည်သူ့ဆေးရုံကြီး)၊ မဝင်းသီတာမိုးတို့၏ဖခင်၊ မောင်မိုးထက်အောင်၏အဘိုး အလ်ဟဂ်ျဟာဂျီ ဦးတင်အေးသည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) ည ၇ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးကဗာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ မင်္ဂဖရ်ရက်အတွက် ဒိုအာလုပ်ပေးကြပါရန်။

ကျန်ရစ်သူမိသားစု

---

မြေပုံမြို့နယ်အသင်း(ရန်ကုန်)

### ဦးသာလှ(လဖြူ)

### အသက် (၅၆) နှစ်

မြေပုံမြို့နယ်၊ ခေါင်းဖြူကျေးရွာနေ (ဦးငလုံးအောင်-ဒေါ်နှင်းယိုင်ဦး)တို့၏သား၊ အမှတ်(၃၆)၊ ဂန္ဓမာလမ်း၊ (မုန့်/တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ မောင်နိုင်ထွန်းလှ၊ မောင်ကိုကိုတို့၏ဖခင်၊ ဒေါ်မာမာဌေး၏ခင်ပွန်း ဦးသာလှသည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) ည ၁၀း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်နှင့် တာမွေအဝိုင်းထိပ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

---

## အနိစ္စ

### ဒေါ်အုန်းစိန်

### အသက်(၈၇)နှစ်

ကသာမြို့(၆)ရပ်ကွက်၊ တပ်မတော်လမ်းနေ (ဦးအောင်လှဦး)-ဒေါ်ခင်ကြည်၊ ဦးတင်မြင့်တို့၏ အဒေါ်၊ နဘားရပ်နေ ဦးစိုးသိန်း(မီးရထား၊ ငြိမ်း)-ဒေါ်သန်းလှ၊ ရန်ကုန်မြို့နေ ဦးဟန်သိန်း(အုပ်ချုပ်ရေးမှူး)-ဒေါ်မြင့်မြင့်သိန်း၊ နေပြည်တော်နေ ဦးကျော်မြင့်သိန်း (မီးရထား၊ ငြိမ်း)-ဒေါ်ခင်သန်းဝင်း၊ ရန်ကုန်မြို့နေ ဦးရဲထွဋ်-ဒေါ်သိန်းသိန်းရီ၊ နေပြည်တော်နေ ဗိုလ်ကြီး(ငြိမ်း) ဦးအေးသိန်း(MEC)-ဒေါ်သက်သက်၊ ရန်ကုန်မြို့နေ ဗိုလ်ကြီး(ငြိမ်း) ဦးအောင်သိန်း (YESC-လ/ထ၊ ညွှန်ကြားရေးမှူး)-ဒေါ်သီဂီကြည်(အထက်တန်းပြ)၊ ကသာမြို့၊ ရပ်ကွက်(၄)နေ ဦးသိန်းဝင်း-ဒေါ်ဗူးသီး၊ ရပ်ကွက်(၆)၊ လယ်ဖျားရပ်နေ ဦးမင်းမင်းထွန်း(ခရိုင်သစ်တော)-မတင်တင်သိန်းတို့၏ မွေးသမိခင်၊ မအိဂျူလိုင်မင်း၏အဘွား၊ [ဦးမြသိန်း (မီးရထား၊ ငြိမ်း)]၏ ဇနီးသည် ကွယ်လွန်သွားပါသဖြင့် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ဦးမင်းမင်းထွန်း-ဒေါ်တင်တင်သိန်းတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မြဝင်း(ခ)Daphne Shan

### အသက်(၈၃)နှစ်

**ကထိက(ငြိမ်း)၊ သင်္ချာဌာန၊**
**စက်မှုတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊**
**ပဲခူး ဒီဂရီကောလိပ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးရှန်ကွန်-ဒေါ်ငွေရှင်)တို့၏ သမီး၊ (ဦးဝင်းမြင့်-ဒေါ်ဌေးဝင်း)၊ (ဦးသောင်းစိန်-ဒေါ်သိန်းဝင်း)တို့၏ညီမ၊ (ဒေါ်စန်းဝင်း)၊ (ဦးအောင်စိုးဝင်း)-ဒေါ်တင်တင်မြင့်၊ ဦးရွှေစိုး-ဒေါ်တင်အေးကြည်၊ (ဦးကြီးမြင့်)-ဒေါ်တင်တင်လှတို့၏ အစ်မ၊ တူ/တူမ ၁၄ ယောက်တို့၏ အဒေါ်သည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ကြည်

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ တိုက်(၄)၊ အခန်း(၇)နေ (ဦးလှရွှေ)၏ ချစ်လှစွာသောဇနီး၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းကြည်၊ ဦးကံမြင့်-ဒေါ်ခင်သန်းနု၊ ဦးစိုးအောင်-ဒေါ်မိုးမိုး၊ (ဦးကျော်ခိုင်)-ဒေါ်မြင့်မြင့်စန်း၊ ဦးဇော်ဝင်း-ဒေါ်ခင်သန်းဌေးတို့၏ မိခင်၊ ဦးဝင်းမြင့်-ဒေါ်ရီရီခင်တို့၏ အဒေါ်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်ခင်ကြည်သည် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးအောင်မြင့်ဦး

### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း (မြောက်ပိုင်း) ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၄၉/ခ)နေ (ဦးအောင်မြင့်-ဒေါ်ခင်အေး)တို့၏ သား၊ ဒေါ်ခင်သိန်းဦး၊ ဒေါ်အေးမြင့်ဦးတို့၏ မောင်၊ ဦးအောင်ခင်ဦး၏ ညီသည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇေယျသုခသိမ်တော် ဒါယိကာမကြီး

### ဒေါ်မြစိန် (မော်လမြိုင်)

### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ ကံ့ကော်လမ်း၊ ခြံအမှတ် (B-၁၄)နေ [ဦးလှစိန် (ညွှန်မှူး-ငြိမ်း၊ စက္ကူ စာတု)]၏ ဇနီး၊ (ဦးမောင်တင်-ဒေါ်လှစိန်)၊ (ဦးသန်းထွန်း-ဒေါ်ခင်ဌေးမြင့်)၊ (ဦးကျော်ဝင်း)-ဒေါ်အမာလေးတို့၏ အစ်မ/ညီမ၊ (ဦးစိုးမြင့်)-ဒေါ်ခင်မျိုးမြင့်၊ ဦးတင်အေး(Bio)-(ဒေါ်အေးနုမေ)၊ ဦးအောင်ဌေး (ဒု-ညွှန်-ငြိမ်း၊ ပျားလုပ်ငန်း)-ဒေါ်သန်းသန်းမြင့် (JA၊ သစ်လုပ်ငန်း)၊ ဦးမြင့်သန်း (စက်မှု-၂၊ ငြိမ်း)-ဒေါ်အေးအေးသန်း (ဒု-ထွေ/ဂျာ-ငြိမ်း၊ သစ်လုပ်ငန်း)၊ ဦးအောင်သန်း(E/O- GEWIN)၊ Dr.နေဦး-(Dr.ညွှန့်ညွှန့်သန်း)၊ Dr.ခင်မောင်ဦး(ဇေယျာ-သွား)-Prof.Dr.သန်းသန်းဆင့် (ပါ/မှူး၊ ဓာတ်မှန် ဆေး-၁၊ ငြိမ်း)တို့၏မိခင် ဇေယျသုခသိမ်တော်ဒါယိကာမကြီး ဒေါ်မြစိန်(မော်လမြိုင်)သည် ၃-၁၂-၂၀၁၈(တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇေယျသုခသိမ်တော် ဒါယိကာမကြီး

### ဒေါ်မြစိန်(မော်လမြိုင်)

### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ ကံ့ကော်လမ်း၊ ခြံအမှတ် (B-၁၄)နေ [ဦးလှစိန်(ညွှန်မှူး၊ ငြိမ်း၊ စက္ကူစာတု)]၏ဇနီး၊ Capt. ဗညားစိုး-ဒေါ်အိအိစိုး၊ ဦးနေလင်း-ဒေါ်တင်မိုးအေး၊ Capt. ကျော်စိုးမိုး-ဒေါ်စံဝါဝါတင်၊ ဦးသက်ခိုင်ဦး-ဒေါ်ခင်သူဇာအေး၊ ဦးစိုးညီညီ-ဒေါ်ဇာခြည်သက်၊ ဦးခင်မောင်လွင်-Dr. မေသူအောင်၊ ဦးသီဟမျိုးသန့်-ဒေါ်နွေးနွေးဝင်းကို၊ ဦးစည်သူအောင်-ဒေါ်ချိုကိုစံ၊ Dr. သက်နိုင်ထွန်း-Dr. သန္တာအေး၊ Dr. ဇင်မေဦး၊ ဒေါ်အေးစုနိုင်ဦး၊ ကိုဇေယျာဦး၊ ကိုဝေယံဦးတို့၏ အဘွား၊ မြစ် ၁၁ ယောက်တို့၏ဘွားဘွားကြီး ဇေယျသုခသိမ်တော်ဒါယိကာမကြီး ဒေါ်မြစိန်(မော်လမြိုင်)သည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်တင်အုန်း

**အထပြ(ငြိမ်း)၊ အထက-၂၂ (မန္တလေး)**

### အသက် (၇၈) နှစ်

မန္တလေးမြို့၊ (၃၆)လမ်း၊ မျက်ပါးရပ်နေ [ဦးခင်မောင်-ဒေါ်အမ(ရွှေဆိုင်းကုန်သည်)]တို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၆၂၉)နေ ဦးစိုးစိုး၏ဇနီး၊ (ဦးမောင်မောင်လေး)-ဒေါ်ယဉ်ယဉ်မေတို့၏ညီမ၊ [ဦးချစ်လွင်(ဆ/မ-ငြိမ်း)-ဒေါ်ခင်ဝင်းမြင့် (ထ/ပြ၊ ငြိမ်း)]၊ ဦးလှမြင့်-ဒေါ်ခင်မာလာတို့၏ အစ်မ၊ ဦးဇော်ဇော်အောင်-ဒေါ်သင်းသင်းနိုင်၊ (Dr.ကိုကိုလွင်)-Dr.ဇင်မာခိုင်၊ ဦးညီညီလွင် (စင်ကာပူ)-ဒေါ်ယမင်းရွှေရည် (စင်ကာပူ)၊ ဦးအောင်မင်းမောင်မောင်၊ ဒေါ်သီဂီလွင်(စင်ကာပူ)တို့၏အဒေါ်၊ မောင်မင်းခန့်ဇော်၊ မသံစဉ်ညီညီ၊ မောင်ဝေယံမင်းလွင် တို့၏အဘွား ဒေါ်တင်တင်အုန်းသည် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးထင်ပေါ် (ပေါ်ပေါ်)

### အသက်(၅၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သော်တာလမ်း၊ အမှတ်(၆)နေ (ဦးအုန်းမောင်-ဒေါ်စောမှီ)တို့၏သား၊ ဒေါ်အေးအေးမော်၏ မောင်၊ ဦးကျော်ထွန်းအောင်၏ အစ်ကို၊ ဒေါ်သူဇာဝင်း(ပပ)၏ ချစ်လှစွာသောခင်ပွန်း၊ မကြည်စုဟန် (KEDMA Co., Ltd.)၊ မောင်ဇော်ထက်နိုင် (လင်းသီဟ Co., Ltd.)၊ မောင်ထက်နိုင်အောင် (VII.D၊ အထက-၃၊ ဗိုလ်တထောင်)တို့၏ ဖခင်၊ မောင်ကျော်ဇောအောင်-မယမင်းဦးတို့၏ ဦးလေး၊ မယွန်းပိုးအိ၏အဘိုး ဦးထင်ပေါ်သည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်မြမူ(ဘိုကလေး)ဆိပ်မ

### အသက်(၅၅)နှစ်

အမှတ်(၄၃၂)၊ မြို့မ(၆)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးကျော်သိန်း-(ဒေါ်မြသိန်း)တို့၏ ဒုတိယသမီး၊ ဦးဝမ်းဘို(အိုရင်း)၏ ဇနီး၊ ဒေါ်တင်တင်ဝေ၏ ညီမ၊ ဦးမျိုးနိုင်၊ ဒေါ်ရီရီချို၊ ဦးအောင်ဇော်နိုင်၊ ဒေါ်သန္တာချို၊ ဒေါ်မျိုးကေသီတို့၏ အစ်မ၊ ကိုဇေယျာလင်းထက်၊ ကိုအေးချမ်းသူတို့၏မွေးသမိခင်၊ မောင်ဘုန်းပြည့်သုတတို့၏အဘွား ဒေါ်ခင်မြမူသည် ၂-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ရန်ကုန်မြို့ ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၂-၂၀၁၈(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၈ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမြင့်သိန်း

**စီးပွားကူးသန်း(ငြိမ်း)**

### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ်(၄၂)၊ မြေညီထပ် (A)နေ (ဦးစံလှ-ဒေါ်အေးပွင့်)တို့၏ သား၊ (ဦးမြသွင်-ဒေါ်ထွေး)တို့၏ သားသမက်၊ ဒေါ်မြသွယ်၏ ခင်ပွန်း၊ ဦးသိန်းထိုက်-ဒေါ်ကေသွယ်အောင်၊ ဦးညွန့်ဝင်းလှိုင်-ဒေါ်စုကလျာအောင်၊ ဦးကျော်မျိုးအောင်-ဒေါက်တာစုစုမွန်၊ ဦးရေချမ်းကိုကို-ဒေါ်နော်အိအိဇော်တို့၏မွေးသဖခင်ကျေးဇူးရှင် မောင်မင်းသီဟထိုက်၊ မသွန်းဟေသာ၊ မထက်စန္ဒာလင်းကျော်၊ မောင်ရဲရင့်ထွဋ်အောင်ဟိန်း၊ မသုစန္ဒီအောင်၊ မဖြိုးအိကိုကိုတို့၏ အဘိုးသည် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) ည ၉း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၂-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေး(၆/၂၀၁၈) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**
မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union-MPU) အစည်းအဝေး (၆/၂၀၁၈)ကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✪**




မြန်မာနိုင်ငံလွှတ်တော်အဖွဲ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် အဖွင့်အမှာစကားပြောကြားစဉ်။

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာ ဦးစီးဌာနအသင်း ပွဲဦးထွက်အနိုင်ရ



အား/ကာ ဦးစီးဌာနအသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၄**
မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ စတင်ကျင်းပရာ အား/ကာ ဦးစီးဌာနအသင်း ပွဲဦးထွက်နိုင်ပွဲ စတင်ရရှိခဲ့သည်။

**ပြိုင်ပွဲဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမျိုးသမီးလိဂ် ကော်မတီဥက္ကဋ္ဌ ဦးလှဌေးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးမိုးဆန်းအောင်၊ အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်နှင့် တာဝန်ရှိသူများ၊ စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ ပထမပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် ဂန္ဓမာအသင်းနှင့် အား/ကာ ဦးစီးဌာနအသင်းတို့မှ ကစားသမားများအား လိုက်လံနှုတ်ဆက်သည်။ ပထမနေ့ပွဲစဉ် မစတင်မီ မွန်းလွဲ ၂ နာရီခွဲမှစ၍ မြန်မာပြည်သိန်းတန်၊ ဖွဲ့ပြည့်၊ ချမ်းချမ်း၊ ချစ်သုဝေစသည့် တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ○**

## အာရှ ယူ-၂၀ ဖူဆယ်ခြေစစ်ပွဲ မြန်မာနှင့်မလေးရှား တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၄**
ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၂၀ ဖူဆယ်ခြေစစ်ပွဲ (အာဆီယံဇုန်) ကို ဒီဇင်ဘာ ၅ ရက်တွင် စတင်မည်ဖြစ်ပြီး မြန်မာယူ-၂၀ လက်ရွေးစင်အသင်းသည် မလေးရှားအသင်းနှင့် စတင်တွေ့ဆုံလျက်ရှိသည်။

ပထမနေ့အဖြစ် ဒီဇင်ဘာ ၅ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် မြန်မာနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲကို ဇုန်လေးခုခွဲ၍ ကျင်းပလျက်ရှိပြီး အာဆီယံဇုန်၊ အလယ်ပိုင်းဇုန်နှင့် အနောက်အာရှဇုန်တို့မှ သုံးသင်းစီ၊ အရှေ့အာရှဇုန်မှ နှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပြိုင်ပွဲကို အိမ်ရှင်အသင်းအပါအဝင် စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် သုံးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အာဆီယံဇုန်တွင် အသင်းငါးသင်းယှဉ်ပြိုင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိ နေ့စဉ်တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် လေးရက်ဆက်တိုက် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက်တွင် ဗီယက်နမ်၊ ဒီဇင်ဘာ ၇ ရက်တွင် ထိုင်း၊ ဒီဇင်ဘာ ၈ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

